၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 710 MAY 17, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက တရားစွဲတော့မည်

**DVB၊မေလ ၁၂။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရအာဏာပိုင်တွေက ဒီမနက် တရားစွဲတော့မယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေက ပြောကြားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဒီနေ့မနက် ၉ နာရီ အင်းစိန်ထောင်တွင်းတရားရုံးမှာ အာဏာပိုင်တွေက စွဲချက်အသစ်တင်ပြီး အမှုစစ်ဆေးတော့မယ်လို့ ရှေ့နေဦးကြည်ဝင်းက မနေ့ည ၁၁ နာရီလောက်မှာ ဆက်သွယ်မေးမြန်းခွင့်ရစဉ် ပြောကြားပါတယ်။

အိမ်ထဲခိုးဝင်တယ်ဆိုတဲ့ အမေရိကန်နိုင်ငံသားကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကန့်သတ်ချက်ဖောက်ဖျက်မှု ပုဒ်မ ၂၂ နဲ့ ဖြစ်ဖို့များတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးကြည်ဝင်းကပြောပါတယ်။ ဒီပုဒ်မ နဲ့ စီရင်ချက်ချရင် နောက်ထပ် ၃ နှစ် အကျဉ်းချထားနိုင်တယ်လို့ ဆိုပါတယ်။ ဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည် နဲ့တွေ့ဆုံခဲ့ပြီး ဒီမနက် ၉ နာရီ တရားခွင်မှာရင်ဆိုင်ဖို့ပြင်ဆင် နေပါတယ်။ အင်းလျားကန်ကို ရေဖြတ်ကူးပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ထဲဝင်ခဲ့တယ်ဆိုတဲ့ အမေရိကန်နိုင်ငံသားဟာ မနှစ်ကလည်း အလားတူ ဝင်ရောက်တွေ့ဆုံခဲ့တယ်လို့ ပုတ်ခတ်တဲ့သတင်းတွေ စစ်အစိုးရလက်ဝေခံ ဘလော့ဂ်တ်ဘ်ဆိုက်တခုမှာ ပါလာပြီးနောက် အခုလိုတရားစွဲမယ့်ကိစ္စ ပေါ်ပေါက်လာတာပါ။ ဦးကြည်ဝင်းနှင့် မေ ၁၃ ရက် ည ၁၁း၀၀ နာရီဆက်သွယ်မေးမြန်းချက်ကို တင်ပြလိုက်ပါတယ်။

"ဟုတ်ပါတယ်၊ တွေ့ပါတယ်။ ဒီနေ့ညနေ ၄ နာရီမှာ ဝင်တွေ့ခွင့်ရပါတယ်။ ကျနော်တို့က နေပြည်တော်က အယူခံကိုပယ်လိုက်တဲ့အမှုနဲ့ပတ်သက်လို့ ရှင်းပြ၊ တင်ပြရမှာပေါ့။ နောက် ရေကူးချန်ပီယံဝင်တဲ့ကိစ္စ အဲ့ဒါလေးတွေလည်းပြောပေါ့။ ကျနော့်ကိုမေးလို့ ကျနော်ပြောတာကတော့ ဒီတားဆီးမိန့်မှာက နံပါတ်တစ်က သံရုံးတွေနဲ့ အဆက်အသွယ် မလုပ်ရမဘူး။ နံပါတ်တစ်မှာပဲ နိုင်ငံရေးအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးအဖွဲ့နဲ့ပတ်သက်သောသူများနဲ့ အဆက်အသွယ်မလုပ်ရဘူးဆိုပြီးတော့ တားဆီးထားတယ်။ ဒုတိယက ဒီအိမ်မှာပဲနေရမယ်၊ တခြားကိုမသွားရဘူး စသည်ဖြင့်ပေါ့။ အဲ့ဒီမှာ ရေကူးချန်ပီယံ ဝင်လာတဲ့ကိစ္စနဲ့ပတ်သက်လို့ ကိုယ်ကဆက်သွယ်တာမှ မဟုတ်ဘဲ။ ဒေါ်စုက ဆက်သွယ်တာမဟုတ်လို့ ဒီခုနက တားဆီးမိန့်ကိုဖောက်ဖျက်တယ်၊ ကျူးလွန်တယ်လို့ မဆိုနိုင်ပါဘူးလို့ ကျနော့်အယူနဲ့ကျနော် အဲ့ဒီလိုပဲ ဆွေးနွေးပြောပြတယ်။"

အဲ့ဒီလူက မြန်မာ့အလင်းသတင်းစာမှာ ရေးတဲ့အတိုင်း ဒေါ်စုအိမ်ကို တကယ်ရောက်ခဲ့လား...

"ရောက်တယ် အိမ်ကိုရောက်တယ်။"

ဘာပြောလဲခင်ဗျ၊ ဒေါ်စုက အဲ့ဒီကိစ္စကို...

"ဒေါ်စုကပြောတာက သူ့ကို ပြန်သွားဖို့ပြောတယ်။ သူရေကူးလာလို့ တော်တော်ပင်ပန်းနေတော့

**စာမျက်နှာ ၃ သို့**

## ဒေါ်စုကို တားမြစ်ချက်ဖောက်မှုဖြင့် တရားစွဲ

**DVB၊မေ ၁၄။** ။ နအဖစစ်အုပ်စုက နေအိမ်အကျယ်ချုပ်ချထားတဲ့ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည်ကို တားမြစ်ချက်ချိုးဖောက်မှုနဲ့ တရားစွဲလိုက်ပြီး အင်းစိန်ထောင်မှာ ချုပ်နှောင်ထားတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးကြည်ဝင်းက ပြောကြားပါတယ်။

ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ထဲကို အမေရိကန်နိုင်ငံသား John William Yettaw ဒီလဆန်း ၃ ရက်မှာ တိတ်တဆိတ်ဝင်ရောက်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်တွေက တရားစွဲတာပါ။ အင်းစိန်ထောင်တွင်း အထူးတရားရုံးမှာ ပုဒ်မ ၂၂ နဲ့ တရားစွဲလိုက်တာဖြစ်ပြီး ဒီလ ၁၈ ရက်ကို ရုံးချိန်းထပ်ချိန်းလိုက်တာကြောင့် အဲဒီနေ့ကျမှ ရှေ့နေပါဝါတင်ခွင့်ရမယ်လို့ ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၀(ခ) နဲ့ စွဲဆိုပြီး နေအိမ်အကျယ်ချုပ်ချထားတာ ၂၀၀၃ ခုနှစ်ကတည်းကပါ။ ဒီလိုအရေးယူထားမှုကို ချိုးဖောက်တယ်ဆိုပြီး ပုဒ်မ ၂၂ နဲ့ ရဲအထူးသတင်းတပ်ဖွဲ့က ရဲမှူးကြီးဇော်မင်း အောင်က တရားလိုအဖြစ် အခုတရားစွဲလိုက်တာပါ။

ဒီအမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူ

**စာမျက်နှာ ၁၅ သို့**

| | | | | |
|---|---|---|---|---|
| ဒေါ်စုအား တရားစွဲသည့်အပေါ် ကန့်ကွက် ကြောင်း အဖွဲ့ချုပ်မှ ကြေညာချက်ထုတ် | နအဖစစ်တပ်အတွင်း ကြီးနိုင်ငယ်ညှဉ်း မတရားနှိပ်စက်မှုတွေ ဖြစ်ပေါ်နေ | ဒေါ်စုကျန်းမာရေးစစ်ဆေးရန်နှင့် ဆေးကုသခွင့်ရှိသည်ဟု အဖွဲ့ချုပ် ပြောဆို | မြန်မာနိုင်ငံတွင်း ဆိပ်ကွယ်ရာက လူသတ်ကွင်းအစီရင်ခံစာအေအေပီပီထုတ်ပြန် | ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲမှုအပေါ် ဒီမိုကရေစီအင်အားစု များ အမြင်များ |
| စာမျက်နှာ ၃ | စာမျက်နှာ ၅ | စာမျက်နှာ ၈ | စာမျက်နှာ ၁၀ | စာမျက်နှာ ၁၃ |

# ရှေ့ဂိုတိုင်ကြေညာချက်အား တုံ့ပြန်မှု

ဧပြီလ ၂၈ နှင့် ၂၉ ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီအထူးအစည်းအဝေး ကျင်းပခဲ့ပြီးနောက် လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ပါတီ၏သဘောထားနှင့် ရပ်တည်ချက်၊ တောင်းဆိုချက်များကို ရှေ့ဂိုတိုင်ကြေညာချက်အဖြစ်ထုတ်ပြန်ခဲ့သည်။ ထိုအထဲတွင် စစ်အုပ်စုက ကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲအပေါ်ထားရှိသည့် သဘောထားလည်းပါဝင်သည်။

အာဏာပိုင်များက မည်သို့တုံ့ပြန်မှုများပေးမည်လည်းဆိုသည်ကို ဒီမိုကရေစီအင်အားစုများက စောင့်ဆိုင်းနေခဲ့ကြသည်။ ရက်သတ္တ ၂ ပတ်အကြာတွင် နအဖစစ်အုပ်စု၏ တုံ့ပြန်ချက်ပေါ်ထွက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ချထားခြင်းနှင့်ပတ်သက်၍ အယူခံဝင်ချက်ကို ပယ်ချလိုက်ခြင်း၊ သူမ၏ ဆရာဝန်ဒေါက်တာတင်မျိုးဝင်းအား ထိန်းသိမ်းလိုက်ခြင်း၊ စစ်အုပ်စု၏ထိန်းသိမ်းစောင့်ကြပ်မှုအောက်တွင်ရှိနေသော ဒေါ်အောင်ဆန်းစုကြည်နေထိုင်လျက်ရှိသည့် နေအိမ်ခြံဝင်းအတွင်းသို့ နိုင်ငံခြားသားတဦးဝင်ရောက်ကာ ၃ ရက်ခန့် နေထိုင်သွားသည်ဆိုသည့်သတင်းထွက်ပေါ်လာခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျဉ်းချခံရမှုနှင့်ပတ်သက်၍ ချိုးဖောက်မှုများရှိခြင်းကြောင့် တရားစွဲဆိုမည်ဟု အာဏာပိုင်တို့ပြောဆိုကာလုပ်ကိုင်နေခြင်း စသည်တို့ဖြစ်သည်။

စစ်အာဏာရှင်များ၏ ယခုလိုလုပ်ရပ်များသည် ဒေါ်အောင်ဆန်းစုကြည်အား အမိကပြစ်မှတ်ထားသည်ကို ဖော်ပြနေသည်။ နအဖစစ်အာဏာရှင်များက ဒေါ်အောင်ဆန်းစုကြည်အား စွဲချက်တင်အကြောင်းပြကာ ဖမ်းဆီးထားသည့်ဥပဒေအရ ယခုလကုန်ပိုင်းတွင် ပြန်လွှတ်ရမည်ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအရှိန်အဝါနှင့်သြဇာကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ပြန်မလွှတ်ပေးပဲ ထောင်ချအပြစ်ပေးနိုင်ရန် ယခုလိုအကွက်ချစီမံခြင်းဖြစ်သည်။

ဤသည်က နအဖစစ်အာဏာရှင်များသည် ၂၀၁၀ ရွေးကောက်ပွဲမှ ၎င်းတို့အလိုကျရလဒ်ထွက်ပေါ်ကာ အဆင်ပြေချောမွေ့အောင်မြင်စွာကျင်းပပြီးသည်အထိ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချထားဖို့ရာရှိသည်။ ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အုပ်စုအတွက် အသက်ဖြစ်သည်။ ထိုရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နှစ် ၂၀ ကျော်ကြာ တရားမဝင်အုပ်ချုပ်နေသည့်စစ်အုပ်စုသည် ၎င်းတို့ကြိုးဆွဲရာကမည့်သူများ၊ ၎င်းတို့နှင့်ပေါင်းဖက်မည့်သူများနှင့် အတုအယောင်ဒီမိုကရေစီကို ဖော်ဆောင်လိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် မြန်မာတပြည်လုံးအား စစ်တပ်ကျွန်အဖြစ် ထာဝရသွတ်သွင်းရန်ကြံစည်သည့်လုပ်ရပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

စစ်အာဏာရှင်များက ရက်စက်ယုတ်မာစွာ ဖိနှိပ်မှုများကြောင့် ပြည်တွင်းဒီမိုကရေစီအင်အားစုများ လှုပ်ရှားရန်ခက်ခဲနေချိန်တွင် ပြည်ပရောက်ဒီမိုကရေစီအင်အားစုများအနေဖြင့် ရရာနည်းလမ်းမျိုးစုံဖြင့် စစ်အုပ်စု၏လုပ်ရပ်များကို ချေဖျက်နိုင်ရေးကြိုးပမ်းရန် အထူးလိုအပ်နေပေသည်။ အာဏာရှင်စစ်အုပ်စုက ၎င်းတို့လိုချင်သော နိုင်ငံရေးအဝန်းအဝိုင်းကိုဖန်တီးနေခဲ့သည်မှာ နှစ်ပေါင်း ၂၀ ရှိနေပြီဖြစ်သည်။ ထိုအခြေအနေအဝန်းအဝိုင်းအတိုင်း ဒီမိုကရေစီအင်အားစုများက လျှောက်လှမ်းလှုပ်ရှားနေခဲ့ရသည့်အတွက် မြန်မာပြည်တွင် စစ်မှန်သည့်ဒီမိုကရေစီထွန်းကားရေးအတွက် ထိရောက်စွာလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပေ။ ဤအခြေအနေကို ပြောင်းပြန်ဖန်တီးနိုင်ရေးမှာ ဒီမိုကရေစီအင်အားစုအားလုံး၏ လတ်တလောအရေးတကြီးလုပ်ကိုင်ရမည့်ဗျူဟာဖြစ်ပေသည်။

ထို့ကြောင့် ပြည်ပရောက်ဒီမိုကရေစီအင်အားစုများအနေဖြင့် မိမိတို့အလိုရှိသောဒီမိုကရေစီပန်းတိုင်သို့ရောက်ရှိနိုင်ရေးအတွက် မည်သို့သောအခြေအနေ အဝန်းအဝိုင်းလိုအပ်သည်ဆိုသည်ကို ပြန်လည်သုံးသပ်ကာ ထိုအခြေအနေ အဝန်းအဝိုင်းမရှိသေးပါက ကိုယ်တိုင်ဖန်တီးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရေးသည် အရေးကြီးလှပေသည်။ ထို့ကြောင့် ယနေ့ထိ လက်ကိုင်စွဲကျင့်သုံးနေခဲ့သော နည်းလမ်း၊ နည်းပရိယာယ်၊ ဗျူဟာ စသည်များကို ပြန်လည်သုံးသပ်ပြီးနောက် ပြင်ဆင်ရေးဆွဲကာ အကောင်အထည်ဖော်ကြိုးပမ်းကြရန် အထူးလိုအပ်နေပြီဟု ရေးသားလိုက်ရပေသည်။

---

# ဒေါ်စုအား တရားစွဲသည့်အပေါ် ကန့်ကွက်ကြောင်း အဖွဲ့ချုပ်မှ ကြေညာချက်ထုတ်

**DVB၊ မေ ၁၄။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင် ထောင်ထဲထည့်ထားတာနဲ့ပတ်သက်ပြီး သူ့ရဲ့ပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့မှာကြေညာချက်တရပ်ထုတ်ပြန်ပြီး ကန့်ကွက်လိုက်ပါတယ်။

နေအိမ်အကျယ်ချုပ်ကနေ လွတ်ရက်စေ့ကာနီးနေပြီဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဘာပြစ်မှုမှမကျူးလွန်ပါဘဲနဲ့ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ အာဏာပိုင်တွေက တရားစွဲဆိုပြီး အင်းစိန်ထောင်ဝင်းအတွင်းမှာ ထိန်းသိမ်းထားတာကို အဖွဲ့ချုပ်က ကန့်ကွက်လိုက်ခြင်း ဖြစ်ပါတယ်၊ အဖွဲ့ချုပ်ရဲ့ကြေညာချက်အပြည့်အစုံကို အဖွဲ့ချုပ်ရဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးသိန်းညွန့်က ဖတ်ပြပါတယ်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်သည် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်တဦး ဖြစ်ပါသည်။ ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မူလကနဦး စတင်ကြိုးပမ်းခဲ့သူဖြစ်ပြီး တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးကို အစဉ်တစိုက် ကြိုးပမ်းနေသူဖြစ်ပါသည်။ နိုင်ငံရေးအရ အပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသူလည်းဖြစ်ပါသည်။"

"ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ခွင့်ရရန်နှင့် တွေ့ဆုံဆွေးနွေးရေးမှတဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုတည်ဆောက်ရန်တို့ကို တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။ သို့ပါလျက် အာဏာပိုင်တို့က နေအိမ်တွင် ထိန်းသိမ်းထားခြင်းမှ အပြီးအပြတ်လွတ်ရက်စေ့ကာနီးနေသော ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ရခြင်းမရှိပါဘဲ 'နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ–၂၂ အရ တရားစွဲဆိုပြီး အင်းစိန်ထောင်အနီးရှိ လုံးချင်းအိမ်တအိမ်တွင် ထားရှိသည်ဟု ကြားသိရပါသည်။ ယင်းအမှုကိုလည်း ၂၀၀၉ ခုနှစ်၊ မေလ (၁၈) ရက်နေ့တွင် စတင်စစ်ဆေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ တရားစွဲဆိုခြင်းမှာ မလုပ်သင့်မလုပ်ထိုက်သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ကြောင်း ကြေညာလိုက်သည်။"

ဒီနေ့မှာကျင်းပတဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီကြေ

**စာမျက်နှာ ၁၂ သို့**

# ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး ဆေးဆက်ကုသရန် လိုအပ်နေဆဲ

**DVB၊ မေ ၁၂။ ။** ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေနေ အတော်အသင့် ပြန်လည်ကောင်း မွန်လာပြီဖြစ်ပေမယ့် ဆရာဝန်နဲ့ ဆက်လက် ဆေးဝါးကုသဖို့ လိုနေသေးတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ကြွက်တက်တဲ့ဝေဒနာ ခံစားနေရပြီး ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ အချိန်ယူစစ်ဆေးဘို့လိုတယ်လို့ ဒေါက်တာပြုံးမိုးအိက ပြောပြတယ်လို့ ဆိုပါတယ်။ သွေးပေါင်ချိန်ကျပြီး ရေဓာတ်ခန်းခြောက်တဲ့ ဝေဒနာခံစားနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ မနေ့က ဒေါက်တာပြုံးမိုးအိနဲ့ ၄ နာရီကြာ ဆေးကုခွင့်ရခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး အထူးစိုးရိမ်ရတာကြောင့် သူ့ကိုလွတ်လပ်စွာ ဆေးဝါးကုသခွင့် ပေးဖို့ အဖွဲ့ချုပ်က ဒီနေ့ ကြေညာချက်ထုတ် တောင်းဆိုလိုက်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောပါတယ်။

“ဒေါ်စုရဲ့ကျန်းမာရေးကို အလွန်စိုးရိမ်နေတယ်။ တိုင်းပြည်ကလည်း စိုးရိမ်နေတယ်။ ဒေါ်စုရဲ့ ကျန်းမာရေးက ကျိုးလွယ် ပဲ့လွယ်ခပ်ပျော့ပျော့ဖြစ်နေတဲ့ အနေအထားကိုး။ ကျနော်တို့ ကြေညာတာကတော့ ပြုပြင်စမ်းသပ်ချက်တွေထဲမှာ အခြေခံကန့်သတ်ချက်ဖြစ်တဲ့ နိုင်ငံခြားသံရုံးတွေ၊ ဘာတွေနဲ့ မဆက်သွယ်ရ၊ နိုင်ငံရေးသမားတွေနဲ့ မဆက်သွယ်ရ၊ အိမ်မှာပဲနေရမယ်ဆိုတဲ့ ကန့်သတ်ချက်ထဲမှာ သူ့ကိုလွတ်လပ်စွာ ဆေးဝါးကုသခွင့်မပေး ဘူးဆိုတဲ့ဟာ မပါဘူး။”

“ဆေးဝါးကုသခွင့်ကိုတော့ ပေးစေချင်တယ်။ မကျန်းမာတဲ့လူ မကျန်းမာတဲ့အတိုင်း ကုသရမှာပေါ့။ ဒါ တိုင်းသူပြည်သားတဦး၊ နိုင်ငံသားတဦးအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးပဲ၊ ဒီအခွင့်အရေးကပေးရမယ်၊ သူတို့ရဲ့ ကန့်သတ်မှု ၃ ရပ်ထဲမှာလည်း ဒီဟာမပါဘူးလို့ ပြောချင်တယ်။”

ပုံမှန်ဆေးစစ်ပေးနေတဲ့ ဒေါက်တာတင်မျိုးဝင်းကိုပါ အာဏာပိုင်တွေက ထိမ်းသိမ်းထားတာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပေါ် ကြီးမားတဲ့ အဟန့်အတားတခု ဖြစ်နေတယ်လို့လည်း ဦးဝင်းတင်က ပြောပါတယ်။

“အခြေအနေဘယ်လောက်ဆိုးတယ်ဆိုတော့ သူ့ကို ကုသနေတဲ့ ဆရာဝန်တောင်မှ ဖမ်းလိုက်တယ်ဆီးလိုက်တယ်ဆိုတော့ အဓိပ္ပါယ်ကတမျိုးဖြစ်သွားတယ်ဗျ။ ဖမ်းတယ်ဆီးတယ်ဆိုတာက သူနဲ့လည်းတွေ့ရခြင်းမရှိဘူး။ ဥပမာ ဒေါ်စုနဲ့တွေ့ပြီး ပြန်လာလို့ ဒေါ်စုဆီကနေတခုခု လုပ်ဆောင်ချက်တွေဘာတွေရှိလို့ ဖမ်းတယ်ဆိုတာ တမျိုးပေ့ါ။ ဒေါ်စုနဲ့တောင် မတွေ့ရသေးဘူးဗျာ။ တွေ့ဖို့သွားတယ်၊ မတွေ့ရဘူး။ ပြန်လာတယ်။ အဲဒီအချိန်မှာ ဖမ်းတယ်ဆိုတော့ အဓိပ္ပာယ်အရ သူရဲ့ ဆေးဝါးကုသမှု ကြီးမားစွာ အဟန့်အတားပြုခြင်းလို့ပဲ ကျနော်တို့က ယူဆတယ်၊ ဒါ ကျနော်တို့ NLD ရဲ့ ထင်မြင်ယူဆချက် သဘောထားပေ့ါ။”

အာဏာပိုင်တွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေနေနဲ့ပတ်သက်ပြီး အမှန်အတိုင်း သတင်းထုတ်ပြန်ပေးသင့်တယ်လို့လည်း ဦးဝင်းတင်က ပြောပါတယ်။ ဒေါ်တာတင်မျိုးဝင်းကိုလည်း ဘယ်မှာ ထိန်းသိမ်းထားတယ်ဆိုတာ အခုထိမသိရေးဘူးလို့ အဖွဲ့ချုပ်က ပြောပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ထဲကို ခိုးဝင်လို့ဆိုပြီး ဖမ်းထားတဲ့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောရဲ့ အကြောင်းကိုလည်း နအဖက နောက်ထပ်ဘာသတင်းမှ ထုတ်ပြန်ခြင်း မရှိသေးပါဘူး။ ဂျွန်ဝီလျံ ခိုးဝင်ခဲ့တယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ခြံနောက်ဘက် အင်လျားကန်ဘက်မှာတော့ သံဆူးကြိုးတွေနဲ့ ခြံခတ် ကာရံပေးနေတယ်လို့ သိရပါတယ်။

---

## မျက်နှာဖုံးမှ

နောက်ဆုံးကျတော့ ဒေါ်စုက သူနေကောင်းတာနဲ့ သွားပါမယ်ဆိုပြီးတော့ပြောလို့ ခဏတော့နားခွင့်ပေး လိုက်တယ်။ ညနေပိုင်း ကျတော့လည်း သွားမယ်လုပ်နေရာကနေ မသွားဖြစ်ဘူး။ တညအိပ်တယ်။ သူတို့အိမ်အောက်ထပ်မှာပဲထားတယ်။ နောက်နေ့ ၅ ရက်နေ့ ညနေကျတော့ ပြန်သွားတယ်။ ကန့်သတ်တဲ့အမိန့်နဲ့ ငြိမငြိဆိုတာ ကျနော်တို့ အကုန် လုံးပြန်ပြီးတော့လုပ်ထားတယ်၊ ကျနော်တို့ကတော့ မငြိဘူးလို့မြင်တယ်။ ညနေ ကျနော့်ကို တခေါက်ပြန်ခေါ်တယ်။ ၄ နာရီသွားပြီးတော့ ကျနော်ပြန်ထွက် လာပြီးမှ ဒီကိစ္စကတခါ ဒေါ်စုကခေါ်ခိုင်းတယ်တဲ့၊ ကျနော်တောင် နည်းနည်းအံ့သြ နေတာ၊ ဒေါ်စုနဲ့ပြန်တွေ့တော့ ဒေါ်စုပြောတာက သူတို့တရားစွဲခံရတော့ မယ်တဲ့။”

တရားစွဲခံရမယ်ဆိုတာ ဒီလူဝင်တဲ့ကိစ္စလား အန်ကယ်…

“အဲဒါပဲ ရှိတာကိုး။ အဲ့ဒီကိစ္စနဲ့ပတ်သက်လို့ သူတို့ တရားစွဲခံရတော့မယ်တဲ့၊ ကျနော်လည်း တော်တော်အံ့အားသင့်သွားတယ် ဒါပေမယ့် နားထောင်တယ်။ ဒေါ်စုတို့က မနက်ဖြန်ကို အင်းစိန်ရုံးမှာသွားပြီးတော့ ရင်ဆိုင်ရမယ်ပေ့ါဗျာ။”

ဘယ်သူရင်ဆိုင်ရမလဲ ဒေါ်စုလား၊ အန်ကယ် လား…

“ဒေါ်စုရော သူနဲ့အတူတူနေနေတဲ့ အဖေါ် ခင်ခင်ဝင်းရော၊ ခင်ခင်ဝင်းသမီးရော အကုန်လုံးရင် ဆိုင်ရမယ် အဲ့လိုပြောတယ်။”

ဒီနေ့က ၁၃ ရက်နေ့ဆိုတော့ မနေ့က ဒေါ်စုကို အာဏာပိုင်တွေက ခေါ်သွားတယ်ဆိုတာ ဟုတ်လား…

“အဲ့ဒါ ကျနော်မမေးမိဘူး၊ အဲ့ဒါ သူကလည်း မပြောပါဘူး၊ ခေါ်သွားတယ် မခေါ်သွားဘူးဆိုတာ မ ပြောဘူးခင်ဗျ။”

အခုကတော့ မနက်ဖြန်မနက်ပိုင်း သွားရမှာပေ့ါ၊ အင်းစိန်ကို…

“ရုံးမှာ သွားရင်ဆိုင်ရတော့မယ်။”

အန်ကယ်ရော ရှေ့နေရောလိုက်လို့ရလား…

“အဲ့ဒါပြောလို့ ကျနော်ရယ်၊ ဦးဉာဏ်ဝင်းရယ်၊ နောက် ဦးလှမျိုးမြင့်ရယ် သွားပြီးတော့ ဆောင်ရွက်ပေးရမှာပေ့ါ။”

အရင်ကတော့ အခုထိပေ့ါလေ အရင် ၅ နှစ်ကို တနှစ်တိုး၊ ဖ နှစ်ကတော့ အကျယ်ချုပ် အစိုးရက လုပ်တာပေ့ါ။ အခုကတော့ တရားရုံးက စွဲချက်တင်မယ့် သဘောလား၊ မနက်ဖြန်လုပ်မယ့်ဟာက…

“တရားရုံးဆိုတာကလည်းဗျာ တရားစွဲ အဖွဲ့အစည်းတခုခုက တင်လို့ပေ့ါ။ တရားရုံးကတော့ သူ့အလိုလိုတော့ ဘယ်လုပ်မလဲ။”

ဆိုလိုတာက အရင်ပုဒ်မနဲ့ မတူတော့ဘူးပေ့ါ၊ ကျနော်တို့ကြားတာတော့ ပုဒ်မ ၂၂ လို့ကြားတယ်ခင်ဗျ၊ ဟုတ်လား…

“မသိဘူး။ အခုကျနော်မေးတော့ သတင်းတပ်ဖွဲ့က ပုဂ္ဂိုလ်တွေနဲ့တွေ့တယ်။ သူတို့ကလည်း ‘မပြောတတ်ဘူး၊ မသိဘူး’ ပြောတယ်။”

ဆိုလိုတာက သူ့အပေါ်မှာ ကန့်သတ်ထားတာတွေ ဖောက်ဖျက်တယ်ဆိုပြီး တင်တဲ့သဘောပေ့ါ…

“အဲ့ဒီသဘောပေ့ါ။”

ဒေါ်စုရဲ့ ကျန်းမာရေးအခြေအနေရော ဘယ်လိုတွေ့ရလဲ အန်ကယ်

“ဒီနေ့ ကျနော်တွေ့တော့ သိပ်မဆိုးပါဘူး၊ ကောင်းပါတယ်၊ စိတ်ကတော့ အထူးပြောစရာမလိုဘူး တော်တော်ပြင်းပြင်းထန်ထန်ပါပဲ။”

မနက်ဖြန် အင်းစိန်တရားရုံးနော်၊ ဟုတ်တယ်နော်…

“ဟုတ်တယ်”

ဆိုတော့ အဲ့ဒီမှာက အန်ကယ်တို့ပဲလား၊ ဒါမှမဟုတ် ပြည်သူလူထု ကြည့်လို့ရလား၊ တွေ့လို့ရလား…

“ကျနော်ကတော့ အခု ဒေါ်စုမှာလိုက်တဲ့အတွက် ဦးဉာဏ်ဝင်းရယ်၊ ဦးလှမျိုးမြင့်ရယ် မနက်ဖြန် ၉ နာရီ အင်းစိန်ထောင်ပူးဝမှာ သွားမယ်။ ပါဝါတို့ဘာတို့ တင်ရမှာပေ့ါဗျာ။ မနက်ဖြန် ၉ နာရီဆိုရင် ကျနော်တို့ဟိုရောက်နေပြီ။”

☆☆☆☆☆

# ဘွတ်ရှ်နဲ့အိုဘားမားကွာခြားပုံ

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

အမေရိကန်သမတဟောင်း Bush လက်ထက်ကဝေဖန်ရှုတ်ချခဲ့တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ မေလ ၁၂ ရက်နေ့က အမေရိကန်ပါဝင်လာတာဟာ Obama အစိုးရနဲ့ လုပ်နည်းကိုင်နည်းကွာခြားပုံကို ပြသရာရောက်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် နာမည်ပျက်နေတဲ့ တရုတ်၊ ဆော်ဒီအာရေးဗီးယား၊ ကျူးဘား စတဲ့ အစိုးရတွေပါဝင်တဲ့ လူ့အခွင့်အရေးကောင်စီကို Bush အစိုးရကသပိတ်မှောက်ထားခဲ့ပါတယ်။ Obama အစိုးရကတော့ အပြင်ကနေဝေဖန်ပြစ်တင်နေမယ့်အစား အတွင်းကိုဝင်ပြီးပြုပြင်ပြောင်းလဲဘို့ကြိုးစားတာကောင်းတယ်လို့ ယူဆပါတယ်။

သမတ Bush ရဲ့ ဒီမိုကရေစီမြှင့်တင်ရေးလုပ်ဆောင်ချက်ကို မြန်မာတွေ သဘောကျကြတာများပေမယ့် အမေရိကန်ပညာရှင်အချို့ကတော့ Bush ရဲ့ ဆောင်ရွက်ချက်တွေဟာ လေလုံးထွားသလောက် လက်တွေ့မှာထိရောက်မှုမရှိဘူးလို့ သုံးသပ်ပါတယ်။ Bush ရဲ့ဒီမိုကရေစီမြှင့်တင်ရေးလမ်းစဉ်ကို သမတ Obama ရဲ့အစိုးရက ပြန်လည်ဆန်းစစ်ချိန်မှာ ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနဲ့နိုင်ငံတကာရေးရာလေ့လာရေးဌာနက စာမျက်နှာ ၁၄၀ ရှိတဲ့စာတမ်းကို လွန်ခဲ့တဲ့ မတ်လက ထုတ်ဝေလိုက်ပါတယ်။ ဒီမိုကရေစီနဲ့အမေရိကန်လုံခြုံရေးမဟာဗျူဟာ Democracy in U.S. Security Strategy From Promotion to Support လို့အမည်ပေးထားပါတယ်။

မဟာဗျူဟာနဲ့နိုင်ငံတကာရေးရာမှာထင်ရှားတဲ့ ပညာရှင် ၄၀ ကျော်နဲ့ တွေ့ဆုံမေးမြန်းထားတာကိုဖော်ပြထားတဲ့အပြင် ဒီမိုကရေစီရေးရာမှာ ထင်ရှားတဲ့ ပညာရှင်သုံးဦးပြုစုတဲ့စာတမ်း ၃ စောင်ကိုလည်း ဖော်ပြထားပါတယ်။ ဒီပုဂ္ဂိုလ်တွေကတော့ Larry Diamond, Francis Fukuyama နဲ့ Michael McFaul တို့ဘဲဖြစ်ပါတယ်။ ဒီမိုကရေစီပြန့်ပွားရေးဟာ ဝါဒဖြန့်လမ်းစဉ်မဟုတ်ဘဲ အမေရိကန်အကျိုးစီးပွားမြှင့်တင်တဲ့လမ်းစဉ်ဖြစ်တာမို့ ဆက်လက်ကျင့်သုံးသင့်တဲ့ နိုင်ငံခြားရေးလမ်းစဉ်ဖြစ်တယ်လို့ ပညာရှင်အားလုံးကဆိုပါတယ်။ Obama အစိုးရလုပ်သင့်တာတွေကို အကြံပေးထားတာပါဘဲ။

ရင့်ကျက်တဲ့ဒီမိုကရေစီနိုင်ငံအချင်းချင်း စစ်မဖြစ်ဘူးဆိုတဲ့ယုံကြည်ချက် ဆက်လက်ခိုင်မြဲနေတာဟာ ဒီမိုကရေစီမြှင့်တင်ရတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေဟာ အပြည်ပြည်ဆိုင်ရာတရားဥပဒေကိုလေးစားပြီး ကောင်းမွန်စွာဆုံးဖြတ်ချက်နိုင်တာကြောင့် အသွင်တူသူတွေတိုးပွားလာအောင်ကြိုးစားရတဲ့ အကြောင်းရင်းတခုပါဘဲ။ ဒီမိုကရေစီအသွင်ကူးပြောင်းဘို့ ကြိုးစားနေတဲ့နိုင်ငံတွေကိုကူညီရင် အမေရိကန်သိက္ခာ ပြန်တက်လာမယ်လို့လည်း ယူဆပါတယ်။

ဒီမိုကရေစီလှုပ်ရှားမှုကို ကူညီအားပေးရေးဟာ အမေရိကန်နိုင်ငံခြားရေးလမ်းစဉ်ရဲ့ အဓိကမူဝါဒတခုဖြစ်သင့်ပေမယ့် သမတဟောင်း Bush လက်ထက်ကလို ဒီမိုကရေစီပြန့်ပွားအောင် ခတ်ကြမ်းကြမ်းမလုပ်သင့်ဘူးလို့ ပညာရှင်အားလုံးကယူဆပါတယ်။ သမတ Bush ရဲ့ ဒီမိုကရေစီမြှင့်တင်ရေးလုပ်ငန်းတွေဟာ ဒီမိုကရေစီလှုပ်ရှားမှုကို သိက္ခာကျစေတယ်လို့ပညာရှင်တွေကမြင်ပါတယ်။ တဘက်သတ်ကြိမ်းဝါးပြီးစစ်တိုက်တာကို ဒီမိုကရေစီမြှင့်တင်တဲ့သဘောမျိုးနဲ့ မြင်ကြသူတွေရှိပါတယ်တဲ့။ အကြမ်းသမားတိုက်ဖျက်ရေးကိုအကြောင်းပြပြီး အာရပ်နဲ့ပါကစ္စတန်အာဏာရှင်တွေကို မျက်နှာသာပေးတာမျိုးဟာ အမေရိကန်ရဲ့ ဒီမိုကရေစီမြှင့်တင်ရေးလမ်းစဉ်ကို သိက္ခာကျစေပါတယ်တဲ့။

အပေါ်စီးကအတင်းအဓမ္မ ဒီမိုကရေစီအသွင်ကူးပြောင်းခိုင်းတာမျိုးမဖြစ်အောင်နဲ့ မှားခဲ့တာကိုရှောင်နိုင်တဲ့မူ ၄ ချက်ကိုကျင့်သုံးဘို့ အကြံပေးထားပါတယ်။ ပထမအချက်က ဒီမိုကရေစီဟာ အလွန်နူးညံ့သိမ်မွေ့ပြီး ခက်ခဲနက်နဲတဲ့ ရေရှည်ဖြစ်စဉ်မို့ အမေရိကန်က စိတ်ရှည်ရှည်နဲ့သည်းခံပြီးလုပ်ကိုင်ဘို့ ဖြစ်ပါတယ်။ ပြည်တွင်းကသာပြုစုပျိုးထောင်နိုင်ရမယ့်လုပ်ငန်းဖြစ်တာကြောင့် အမေရိကန်အနေနဲ့ ရွေးကောက်ပွဲရလာဒ်ကိုကြည့်သလို လတ်တလောအကျိုးသက်ရောက်မှုကိုသာ မကြည့်သင့်ဘူးလို့ ဆိုပါတယ်။ တဖြည်းဖြည်း လေးလေးနက်နက်တိုးတက်လာတာကို ကြည့်ဘို့ဖြစ်ပါတယ်။

ဒုတိယအချက်က ရှုပ်ထွေးနက်နဲတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်မှာ အမေရိကန်ဟာ အကန့်အသတ်နဲ့သာ ပါဝင်လုပ်ကိုင်နိုင်တယ်ဆိုတာကို နိဝါတ တရားနဲ့အညီ သုံးသပ်နိုင်ဘို့ပါဘဲ။ မိမိတို့အမေရိကန်အစိုးရအနေနဲ့ ဘယ်လိုလုပ်ပေးနိုင်သလဲဆိုတာကို မှန်မှန်ကန်ကန်သုံးသပ်နိုင်ဘို့ ဖြစ်ပါတယ်။ တတိယအချက်ကတော့ အစိုးရမျိုးစုံ၊ အဖွဲ့အစည်းမျိုးစုံနဲ့ အလုပ်လုပ်နိုင်ဘို့ပါဘဲ။ အထူးသဖြင့် ဥရောပအစိုးရ၊ ဒေသဆိုင်ရာအဖွဲ့အစည်း စတာတွေနဲ့ လက်တွဲလုပ်နိုင်ဘို့လိုပါတယ်။ ဒီမိုကရေစီအရေးကို အကူအညီပေးရာမှာ အမေရိကန်ဟာ အခြားအစိုးရတွေထက်ပိုပြီး သက်လုံကောင်းရမှာဖြစ်ပါတယ်။

စတုတ္ထအချက်က လက်တွေ့ကျဘို့ဖြစ်ပါတယ်။ လှေနံဓားထစ် တရားသေမလုပ်ဘဲ လက်တွေ့အကျိုးစီးပွားကိုကြည့်ဘို့ဖြစ်ပါတယ်။ အမေရိကန်မှာ အခြားစီးပွားတွေလည်းရှိနေတယ်ဆိုတာကို မမေ့ဘို့ဖြစ်ပါတယ်။ တိုင်းပြည်အမျိုးမျိုး လိုအပ်ချက်အမျိုးမျိုးကိုလိုက်ပြီး လက်တွေ့လုပ်နိုင်ဘို့ လိုအပ်ပါတယ်။ ကူညီရေးလမ်းစဉ်တမျိုးကို နေရာတိုင်းမှာသုံးနေမယ့်အစား တိုင်းပြည်အခြေအနေလိုက်ပြီး ကူညီသင့်တယ်လို့ဆိုပါတယ်။ ဒီနေရာမှာ တနေရာတမျိုး ရှေ့တမျိုး နောက်တမျိုး သုံးနေတယ်လို့ဝေဖန်တာကို ခံရနိုင်ပေမယ့် ဒီနည်းဟာ အမေရိကန်အတွက်သာမကဘဲ ဒီမိုကရေစီကျင့်သုံးဘို့ကြိုးစားနေတဲ့ တိုင်းပြည်အတွက်လည်း အစဉ်ပြေပါတယ်။ သူ့အိုးနဲ့သူ့ဆန်တန်ရုံလုပ်တဲ့သဘောဖြစ်တယ်။

ဒီမိုကရေစီအရေးအကူအညီပေးရာမှာ အမေရိကန်အစိုးရကျင့်သုံးသင့်တဲ့မူတွေကိုလည်း ဖော်ပြထားပါတယ်။ အမေရိကန်ကိုယ်တိုင် စံပြဒီမိုကရေစီအစိုးရဖြစ်အောင် အမြဲတမ်းကြိုးစားနေရကြောင်း ခြောက်ပြစ်ကင်းအစိုးရမဟုတ်ကြောင်း ဥပဒေအထက်မှာမရှိကြောင်း ပြသရမယ်လို့ဆိုပါတယ်။ သမတ Bush လက်ထက်က ‘ဂွမ်တာနမို’ စခန်းနဲ့ ‘အဘူဂရပ်’ အကျဉ်းထောင်မှာ ညှဉ်းပန်းတာကို မှားယွင်းကြောင်းအသိအမှတ်ပြုရမယ်လို့ ဆိုပါတယ်။ ဒီလိုလုပ်နိုင်မှသာ သိက္ခာတက်မယ်လို့ဆိုပါတယ်။

အီရတ်မှာ အဏုမြူလက်နက်ရှိတယ်လို့ Bush အစိုးရကစွပ်စွဲပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်တာကို ဒီမိုကရေစီတည်ဆောက်ရေးလို့ ပြောတာမျိုးဟာ အမေရိကန်ဒီမိုကရေစီလမ်းစဉ်ကို အထင်သေးအောင်လုပ်သလိုဖြစ်နေပါတယ်။ ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီမကျင့်သုံးနိုင်တဲ့ သာဓကတွေအများကြီးရှိတာကိုလည်း သတိထားဘို့လိုပါတယ်။ ဒီမိုကရေစီအစိုးရဟာ တိုင်းသူပြည်သားတွေ လူမှုစီးပွားရေးဖူလုံအောင် ဆောင်ရွက်ပေးနိုင်ရပါလိမ့်မယ်။

Stanford တက္ကသိုလ်က နိုင်ငံရေးသိပ္ပံပါမောက္ခ Michael McFaul ရဲ့စာတမ်းမှာတော့ အာဏာရှင်နိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အမေရိကန်ပါဝင်တဲ့အခန်းကဏ္ဍကို ဆန်းစစ်ထားပါတယ်။ အမေရိကန်နဲ့ရင်းနှီးတဲ့ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနဲ့ချီလီနိုင်ငံမှာ အာဏာရှင်စနစ်က အသွင်ကူးပြောင်းတာကို ကူညီနိုင်ခဲ့ပေမယ့် မြန်မာ၊ ကျူးဘား၊ အီရန်၊ မြောက်ကိုရီးယား၊ ဇင်ဘာဘွေ စတဲ့နိုင်ငံတွေမှာ မစွမ်းဆောင်နိုင်ဘဲဖြစ်နေပါတယ်။ စစ်အင်အားသုံးပြီး ဒီမိုကရေစီအသွင်ပြောင်းအောင် မလုပ်ဘူးဆိုတဲ့ မူဝါဒသစ်ကို Obama အစိုးရက ကြေညာသင့်တယ်လို့ဆိုပါတယ်။

ဒဏ်ခတ်အရေးယူတာဟာ အမေရိကန် ဥရောပနဲ့အဆက်အသွယ်များတဲ့ တောင်အာဖရိကလိုနိုင်ငံမျိုးမှာသာ ထိရောက်နိုင်ပါတယ်တဲ့။ မြန်မာ၊ အီရန်ကျူးဘားလိုနိုင်ငံတွေကျတော့ အမေရိကန်နဲ့ကူးသန်းရောင်းဝယ်ရေး မလုပ်တာကြာပြီဖြစ်လို့ သူတို့ကိုဒဏ်ခတ်လို့ ထိရောက်မှာမဟုတ်ပါဘူး။ နောက်တချက်က အားလုံးကဝိုင်းပြီး ဒဏ်ခတ်အရေးယူမှသာ အောင်မြင်ဘို့အလားအလာရှိပါတယ်။ ဒါကြောင့် Obama အစိုးရဟာ အာဏာရှင်အစိုးရကိုရော ဒီမိုကရေစီအင်အားစုကိုရော ဆက်ဆံပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အတတ်နိုင်ဆုံးကူညီသင့်ကြောင်း ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနဲ့နိုင်ငံတကာရေးရာလေ့လာရေးဌာနရဲ့ မတ်လထုတ်စာတမ်းမှာနိဂုံးချုပ်ထားပါတယ်။

# နအဖစစ်တပ်အတွင်း ကြီးနိုင်ငယ်ညှဉ်း မတရားနှိပ်စက်မှုတွေဖြစ်ပေါ်နေ

**RFA | မေလ ၁၂ ။** ။ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ခမရ ၄၁၉ မှာတာဝန်ထမ်းဆောင်နေသူ အရာခံဗိုလ်တဦးကို ပြစ်မှုအတွက် တပ်ဥပဒေအရ အရေးမယူဘဲ ညှဉ်းပမ်းနှိပ်စက်နေတယ်လို့ မိသားစုဝင်တွေကပြောပါတယ်။

ခမရ ၄၁၉ တပ်ရင်းက ဗိုလ်စိုးမိုးဦးဟာ တပ်ရင်းကနေ မန္တလေးချမ်းအေးသာစံရှိ သူ့မိသားစုအိမ်ကို ဧပြီလဆန်းပိုင်းက ခွင့် ၁၄ ရက်ယူပြီးအိမ်ပြန်သွားတာပါ။ ဧပြီလ ၁၈ ရက်နေ့မှာ သူ့ရဲ့တပ်ရင်းကိုပြန်ရောက်လာတော့ ခွင့်ပြုရက်ထက် ၄ ရက်ကျော်လွန်သွားပါတယ်။ နောက်တရက် ဧပြီလ ၁၉ ရက်နေ့မှာ ယာယီတပ်ရင်းမှူးဗိုလ်မှူးစိုးနိုင်က သူ့ကိုဖမ်းဆီးထားလိုက်တာပါ။ ဖမ်းဆီးချုပ်နှောင်ထားချိန်မှာ ရိုက်နှက်နှိပ်စက်တာတွေကြောင့် ဗိုလ်စိုးမိုးဦးရဲ့လက်ခလယ်ကျိုးသွားတယ်လို့သိရပါတယ်။

အဲဒီလိုခွင့်ပြုရက်ထက်ကျော်သွားတာကို ဥပဒေအတိုင်းအရေးယူရမှာဖြစ်ပေမယ့် အခုအချိန်အထိရိုက်နှက်ပြီးဖမ်းဆီးချုပ်နှောင်ထားတာကတော့ တရားနည်းလမ်းမကျဘူးလို့ စစ်တပ်နဲ့နီးစပ်သူတွေကပြောပါတယ်။ အခုအခါ ဗိုလ်စိုးမိုးဦးကို မိသားစုအပါအဝင် တခြားဘယ်သူနဲ့မှတွေ့ခွင့်မပေးဘို့ တပ်ရင်းမှူးကအမိန့်ထုတ်ထားတယ်လို့ မိသားစုဝင်တယောက်ကပြောပါတယ်။

"သူ့အခြေအနေကလုံးဝမိသားစုနဲ့တွေ့ခွင့်မရဘူး။ လာတွေ့ရင်တောင်မှ လာတွေ့တဲ့လူကို ဖမ်းမယ်ချုပ်မယ်တို့ ဒါမျိုးခြိမ်းခြောက်ပြီးလုပ်ထားတာ။ တပ်မှူးကိုယ်တိုင်ကိုက ဒီကလေးအပေါ်မှာမတရားနှိပ်စက်ထားတာ၊ ခွင့်မဲ့ ၁၄ ရက်ပျက်တာကို ထုချေလွှာတင်၊ ထုချေလွှာပေါ်မှာဆုံးဖြတ်တာပါ။ ဆုံးဖြတ်တာက နားလည်မှုနဲ့ပြီးရင်ပြီးနိုင်တယ်။ သို့မဟုတ် အချုပ်မှာ တပ်ထောင်မှာ အကျဉ်းချပြီးတော့ အရေးယူမယ်ဆိုရင်လည်း အရေးယူလို့ရတယ်။ ဒီလိုမဟုတ်ဘဲ အခုလိုလုပ်တာကတော့ လူ့အခွင့်အရေးချိုးဖောက်တာဘဲလို့ ယူဆရတာဘဲ။"

ဗိုလ်စိုးမိုးဦးလို အရင်ကခွင့်ရက်ကျော်ပြန်သွားတဲ့ အရာရှိငယ်တွေကို တပ်ထဲပြန်ရောက်တဲ့အခါ တပ်တွင်းအချုပ်မှာ လေးငါးရက်ချုပ်ထားပြီး ပြန်လွှတ်ပေးခဲ့ပါတယ်။ အနှိပ်စက်ခံရလို့ လက်ခလယ်ကျိုးသွားတဲ့အကြောင်းကို တပ်ထဲကသူ့လိုဘဲအနှိပ်စက်ခံရဘူးတဲ့ အရာရှိ ရဲဘော်တွေကနေတဆင့် မိသားစုကသိခွင့်ရခဲ့တာပါ။ ဗိုလ်စိုးမိုးဦးကို တပ်ရင်းမှူးကရန်ငြိုးနဲ့အရေးယူတာဖြစ်မယ်လို့ မိသားစုကယူဆနေပါတယ်။

"ဘာကြောင့် အရေးယူတာလည်းဆိုရင် တလကိုတပ်ကတပ်မှူးကသူ့ကို အနည်းဆုံး ၃ သိန်းလောက်ရှာခိုင်းတယ်။ သူကအဲဒါကိုကောင်းကောင်းမွန်မွန်ရှာမပေးဘူး။ ရှာမပေးတော့ အဲဒီအပေါ်မှာအငြိုးအတေးထားတယ်လို့ ယူဆရတယ်။ ဒါကြောင့် သူ့ကိုသိပ်မကြည်တဲ့အတွက် ဖြစ်လာတဲ့အပေါ်မှာ ပုံကြီးချဲ့ပြီးတော့လုပ်တယ်လို့ ကျနော်တို့ကယူဆတယ်ပေါ့ဗျာ။"

ခမရ ၄၁၉ တပ်ရင်းမှူးက ဗိုလ်အဆင့်ရှိတဲ့အရာရှိငယ်တွေကို တလ ၃ သိန်းရအောင်ငွေရှာခိုင်းရာမှာ တချို့အရာရှိငယ်တွေက တရုတ်မြန်မာနယ်စပ်ကနေ မြန်မာပြည်အတွင်း ဆိုင်ကယ် ကယ်ရီသယ်ပြီးတော့ ရှာကြတာတွေရှိသလို၊ ကားသမားတွေထံကနေငွေကောက်ခံတဲ့နည်းတွေနဲ့ ငွေရှာပေးကြပေမယ့် ဗိုလ်စိုးမိုးဦးကတော့ အဲလိုမျိုးမရှာနိုင်ဘူးလို့ မိသားစုဝင်တယောက်ကပြောပါတယ်။ အခုလို အရာရှိငယ်တယောက်က ခွင့်ရက်ကျော်သွားတာကို မှန်မှန်ကန်ကန်အရေးမယူဘဲလိုတာထက်ပိုပြီးတော့ အရေးယူထားပေမယ့် တပ်တွင်းမှာဖွင့်ထားတဲ့ လောင်းကစားဝိုင်းတွေကိုတော့ လောင်းကစားဥပဒေအရအရေးမယူတဲ့အပြင် သူတို့ကိုယ်တိုင်ပါဝင်ပတ်သက်နေတာလို့ သူကဆက်ပြောပါတယ်။

"တပ်ပိုင်ဧရိယာထဲမှာ သစ်ပင်တွေတော်တော်များများပေါက်နေတယ်။ တောပုံစံမျိုးဧရိယာထဲမှာ သူကအဲဒီထဲမှာဂျင်ဝိုင်းထောင်တယ်၊ ဂျင်ဝိုင်းထောင်တာကလည်း သာစည်မြို့နယ်တဝန်းကတော့ အကုန်လုံးသိပါတယ်။ အဲဒီအပေါ်မှာလည်း သတင်းပေးပြီးတိုင်တယ်။ တိုင်တဲ့အခါလည်းအရေးမယူဘူး။ အခုလက်ရှိအနေအထားအထိ လက်ရှိဂျင်ဝိုင်းဆိုတာကလည်း ပုံမှန်ကြိုကြားကြိုကြားဖြစ်နေတာဘဲ။ ဒီမသမာနည်းတွေနဲ့ငွေရှာတဲ့ သူတို့နဲ့ပတ်သက်ရာပတ်သက်ကြောင်းတွေအသိုင်းအဝိုင်းတွေက အဓိကလာကစားတာပေါ့။ အဲဒီမှာ ထပ်ထဲကရဲဘော်တယောက်ကို တာဝန်ခံထား အခွန်ကောက်ပြီးတော့ အရာရှိတွေကခွင့်ပြုပြီး လုပ်စားနေတာဘဲ။"

ဒီအကြောင်းတွေနဲ့ပတ်သက်လို့ RFA က ခမရ ၄၁၉ ကို ဆက်သွယ်ပေမယ့် အဆက်အသွယ်မရပါဘူး။ လက်ရှိမြန်မာ့တပ်မတော်ဟာ ကြီးနိုင်ငယ်ညှဉ်းအုပ်ချုပ်နေတဲ့တပ်မတော်ဖြစ်နေတယ်လို့ စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောကပြောပါတယ်။ "တပ်တွင်းစည်းလုံးညီညွတ်မှုဟာ အတော်ဆိုးတဲ့အခြေအနေဖြစ်ပြီး လူတိုင်းကသူရဲမရဲစီးပြီးတော့ရအောင် ကိုယ့်ဟာကိုယ်ရှာနေကြတာ။ နီးစပ်ရာကိုယ့်ဟာကိုယ်လောင်းကစားဝိုင်းတွေထောင်တယ်၊ အထူးသဖြင့် အောက်ခြေရဲဘော်တွေရဲ့မိန်းမတွေက ပြည့်တန်ဆာအလုပ်တွေ လုပ်တဲ့လူကလုပ်ရ၊ ဈေးထွက်ရောင်းသူက ရောင်းရနဲ့ဖြစ်နေတဲ့အချိန်မှာ တပ်ရင်းမှူးတို့ ဒုတပ်ရင်းမှူးတို့ အဲလိုအရာရှိကြီးတွေက လုပ်နေကြတာ။ နောက် ကျောထောက်နောက်ခံမရှိတဲ့အရာရှိငယ်တွေပါဆိုရင် တော်တော်ကိုအပြစ်မရှိအပြစ်ရှာ အမျိုးစုံပေါ့။ တခါဘူးမျှမရှိတဲ့ ဗမာ့စစ်တပ်က အင်အားအများဆုံးနဲ့လက်နက်ကိုင်တပ်အမြင့်ဆုံးဖြစ်ပေမယ့် တပ်တွင်းစည်းလုံးညီညွတ်မှု အမဲဆုံးနဲ့မျိုးချစ်စိတ်အကင်းဆုံးနဲ့ တိုက်ရည်ခိုက်ရည်အညံ့ဆုံးစစ်တပ် ဖြစ်နေပြီ ခင်ဗျ။"

## ဒေါ်စုလွှတ်မြောက်ရေး အိန္ဒိယကွန်မြူနစ်ပါတီတိုက်တွန်း

**RFA | မေလ ၁၄ ။ ။** ဒီကနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ကိုပြောင်းရွှေ့ပြီး နိုင်ငံတော်ဖျက်ဆီးလိုသူများကာကွယ်စောင့်ရှောက်တဲ့ဥပဒေပုဒ်မ ၂၂ နဲ့ တရားစွဲဆိုလိုက်တာနဲ့ပတ်သက်ပြီး အိန္ဒိယအတိုက်အခံကွန်မြူနစ်ပါတီ CPI ရဲ့အတွင်းရေးမှူး Mrs.Amar Jeet Kaur ကို RFA ကဆက်သွယ်မေးမြန်းကြည့်တဲ့အခါ ဒီလိုလုပ်တာဟာ ဒီမိုကရေစီရေးနဲ့မြန်မာပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကို ဆန့်ကျင်လိုက်တာဖြစ်တယ်လို့ ပြောပါတယ်။

ဒါဟာ အာဏာရှင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲထည့်ဘို့လုပ်တဲ့အစီအစဉ်တခုလို့ ပြောလို့ရပါတယ်။ ဒီလိုလုပ်တာဟာ လူသားချင်းစာနာမှုမရှိတာကို ပြလိုက်တာဖြစ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာစစ်အစိုးရက ပြန်လည်စဉ်းစားပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးစေချင်တယ်လို့ ပြောသွားပါတယ်။ အခုလုပ်ရပ်နဲ့ပတ်သက်ပြီး မြန်မာ့နိုင်ငံရေးဘယ်လိုဖြစ်လာနိုင်လဲလို့မေးကြည့်တဲ့အခါ ဒါဟာ မြန်မာပြည်သူတွေကိုရော မြန်မာပြည်ဒီမိုကရေစီရေးကြိုးပမ်းမှုကို ဆန့်ကျင်တာဖြစ်တယ်။ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေဟာ ပိုပြီးအားပြင်းလာနိုင်တယ်။ ကျမတို့အနေနဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေနဲ့ တစိတ်တဝမ်းတည်းရှိပြီး ရှေ့ဆက်ထောက်ခံသွားမယ်၊ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဘို့အတွက် လူထုလှုပ်ရှားမှုတွေလည်း ဖြစ်လာနိုင်တယ်လို့ ဖြေကြားခဲ့ပါတယ်။

CPI ပါတီအနေနဲ့ မြန်မာ့ဒီမိုကရေစီရေးအတွက် ဘယ်လိုကူညီမှုတွေပေးနိုင်မလဲလို့ မေးကြည့်တဲ့အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးဘို့အတွက် မြန်မာအစိုးရကို အိန္ဒိယအစိုးရကနေ အစိုးရအချင်းချင်းဖိအားပေးဘို့ တောင်းဆိုသွားမယ့်အကြောင်း ၊ မြန်မာစစ်အစိုးရရဲ့လုပ်ရပ်တွေကို ရှုတ်ချဘို့အတွက် မြန်မာ့အရေးစိတ်ဝင်စားတဲ့ အိန္ဒိယလူမှုအဖွဲ့အစည်းတွေ၊ အမျိုးသမီးအဖွဲ့တွေနဲ့ လှုပ်ရှားမှုတွေလုပ်သွားမယ်လို့ ဖြေကြားခဲ့ပါတယ်။

သူတို့ပါတီအနေနဲ့ မေလ ၁၆ ရက်နေ့မှာ ပြည်သူကရွေးချယ်လိုက်တဲ့အစိုးရသစ်ကိုလည်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ပူးပေါင်းလှုံ့ဆော်ဘို့နဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာက ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူအားလုံးကိုလည်း ပူးပေါင်းပါဝင်ပေးကြပါလို့လည်း သူကတိုက်တွန်းပြောကြားသွားပါတယ်။

ကျော်ကျော်စိုး

# ဒီမိုကရေစီ၏အခြေခံမှုများ

အပိုင်း ၉

## လူ့အခွင့်အရေး

**ယခင်လအဆက်**

လူသားအားလုံးသည် တူညီသောအခွင့်အရေးများဖြင့် မွေးဖွားလာကြသည်။ ဤလူ့အခွင့်အရေးက လူသားများအား ဂုဏ်သိက္ခာရှိစွာနှင့် နေထိုင်နိုင်ရေးကို အားဖြည့်ပေးသည်၊ ထို့ကြောင့် မည်သည့်အစိုးရကမျှ ထိုအခွင့်အရေးကို ပစ်ပယ်၍မရ၊ အစိုးရတိုင်းက ကာကွယ်စောင့်ရှောက် ပေးသင့်သည်။ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများအရ၊ လူမှုရေးရပ်တည်ချက်အရ ခွဲခြားမှုမရှိပဲ တရားမျှတမှု၊ နားလည်သည်းခံတတ်မှု၊ သိက္ခာရှိမှု၊ လေးစားတတ်မှုစသည်တို့အပေါ်အခြေခံသည့် လွတ်လပ်မှုက လူသားများအား ၎င်းတို့၏အခြေခံအခွင့်အရေးများကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် ခွင့်ပြုသည်။ အာဏာရှင်စနစ်တွင် ထိုအခွင့်အရေးများကို ငြင်းပယ်သည့်တိုင် လွတ်လပ်သောလူမှုအသိုင်းအဝိုင်းများအနေဖြင့် ထိုအခွင့်အရေးများကို ငြင်းပယ်ခံရသူများရရှိစေရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ပေးရမည်။

<u>လူ့အခွင့်အရေးများသည် အပြန်အလှန်မှီခိုနေပြီး တခုနှင့်တခု ခွဲခြား၍မရသောအရာများဖြစ်သည်။</u> လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များအပါအဝင် လူသားများရပ်တည်ရေးအတွက်ကြုံတွေ့ရသည့်အကြောင်းအရာများကို ရင်ဆိုင်နိုင်ရေးအတွက် လူ့အခွင့်အရေးများက လမ်းညွှန်ပြသပေးသည်။ ထိုလူ့အခွင့်အရေးများထဲ၌ အများက တူညီစွာလက်ခံထားကြသည့် အချက်များမှာ–

–လူသားတိုင်းသည် ၎င်းတို့၏သဘောထားအမြင်များကိုစုစည်း ပိုင်ခွင့်ရှိပြီး ထိုအတွက် သဘောဆန္ဒများထုတ်ဖော်ပြသနိုင်ရန် စုဝေးပိုင်ခွင့်နှင့်ငြိမ်းချမ်းစွာ စည်းဝေးပိုင်ခွင့်များရှိသည်။

လွတ်လပ်သောလူ့မှုအဖွဲ့အစည်းများသည် အတွေးအခေါ်အယူ အဆများစုဝေးရာနေရာပြီး ထိုနေရာတွင် လူသားများသည် မည်သည့်အရေးကိစ္စကိုမဆို အမြင်ဖလှယ်နိုင်သည့်နေရာဖြစ်သည်။

– လူသားတိုင်းသည် အစိုးရအဖွဲ့အစည်းတွင် ပါဝင်ပိုင်ခွင့်ရှိသည်၊

အစိုးရများသည် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသော ဥပဒေများကို ပြဌာန်းထားရမည်ဖြစ်သလို တရားစီရင်ရေးစနစ်ကလည်း ထိုဥပဒေများကို ပြည်သူပြည်သားအကြားတွင် ညီမျှစွာဖြင့် အကောင်အထည် ဖော်နိုင်ရန်အား ဖြည့်ပေးရမည်။

– တစုံတယောက်သည် အာဏာရပါတီ၏ဆန့်ကျင်ဘက်ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးနွယ်စုဝင်ဖြစ်စေ၊ သာမန်ရာဇဝတ်သားတဦးပင်ဖြစ်စေ တရားမဲ့ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ နှိပ်စက်ညှဉ်းပမ်းခံရခြင်းများမှ လွတ်ကင်းစေရမည်၊ ဤသည်က အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်သည်။

ကျွမ်းကျင်နားလည်သော ရဲတပ်ဖွဲ့သည် နိုင်ငံ့ဥပဒေများကို အကောင်အထည်ဖော်ရာတွင် ပြည်သူပြည်သားအားလုံးကို လေးစားရမည်ဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စုများစွာရှိသောနိုင်ငံများတွင် ဘာသာရေး အရနှင့် တိုင်းရင်းသားလူမျိုးစုများသည် ၎င်းတို့၏ဘာသာစကားနှင့် အစဉ်အလာများကို လူများစု၏ အနိုင်ကျင့်မှုများကို စိုးရိမ်ကြောက်ရွံ့စရာမလိုပဲ လွတ်လပ်စွာထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်။ အစိုးရများအနေဖြင့်လည်း လူများစု၏ သဘောဆန္ဒကို လေးစားလိုက်နာရင်း ထိုလူနည်းစုများ၏ အခွင့်အရေးကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

လူသားအားလုံးသည် အလုပ်အကိုင်၊ နေထိုင်စားသောက်မှု၊ ၎င်းတို့၏မိသားစုဝင်များကို ထောက်ပံ့မှုများအတွက် အခွင့်အလမ်းအားလုံးတူညီရမည်ဖြစ်သည်။

ကလေးသူငယ်များသည် အထူးစောင့်ရှောက်ခံပိုင်ခွင့်ရရှိရမည်။ ၎င်းတို့အား အနိမ့်ဆုံးအဆင့်အနေဖြင့် အခြေခံပညာသင်ယူပိုင်ခွင့်ရှိစေရမည်၊ ကောင်းမွန်ပြည့်ဝသောအာဟာရ ရရှိစေရမည်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရှိစေရမည်။

လူ့အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွတ်လပ်သောလူမှုအသိုင်းအဝိုင်းအတွင်းရှိ ပြည်သူပြည်သားများသည် အားကောင်းတောင့်တင်းရန်လိုအပ်သည်၊ အမျိုးမျိုးသောပြည်သူ့ရေးရာ လှုပ်ရှားမှုများတွင် ပါဝင်ခြင်းဖြင့် ပြည်သူများသည် ၎င်းတို့၏အစိုးရများက ပြည်သူများအတွက် တာဝန်ခံလာစေရေးအတွက် လုပ်ဆောင်ရန်မှာ တာဝန်တရပ်ဖြစ်သည်။

လွတ်လပ်သောနိုင်ငံများကလည်း လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးအတွက်လုပ်ဆောင်ရမည်၊ ၎င်းတို့သည် ထိုလုပ်ဆောင်ချက်များကို နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်များဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

အပိုင်း ၁၀

## အုပ်ချုပ်ရေးအာဏာ

ဒီမိုကရက်တစ်အစိုးရခေါင်းဆောင်များသည် ၎င်းတို့၏ပြည်သူပြည်သားများ၏သဘောဆန္ဒအရအုပ်ချုပ်ကြသည်။ အချို့သောခေါင်းဆောင်များသည် ဩဇာတိက္ကမကြီးကြသည်၊ ၎င်းတို့က စစ်တပ်ကိုအမိန့်ပေးနိုင်ခြင်းကြောင့် မဟုတ်၊ စီးပွားရေးအရကြွယ်ဝချမ်းသာခြင်းကြောင့်မဟုတ်၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များကပေးအပ်ထားသည့် ကန့်သတ်ချက်များကို လေးစားလိုက်နာခြင်းကြောင့်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများမှ ပြည်သူပြည်သားများသည် ရွေးကောက်ပွဲများမှတဆင့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ ၎င်းတို့၏ခေါင်းဆောင်များကို အာဏာပေးအပ်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသတ်မှတ်ချက်အရ တည်ထောင်ထားသည့်ဒီမိုကရေစီတွင် အာဏာကိုခွဲဝေထားသည်။ ဥပဒေပြုအမတ်များက ဥပဒေများကို ရေးဆွဲပြဌာန်းသည်၊ အုပ်ချုပ်ရေးအာဏာပိုင်များက ထိုဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးသည်၊ တရားစီရင်ရေးက ထိုဥပဒေများနှင့်အညီ သီးခြားလွတ်လပ်စွာဖြင့် စီရင်ဆုံးဖြတ်ကြသည်။

ဒီမိုကရက်တစ်ခေါင်းဆောင်ဆိုသည်မှာ ရွေးချယ်တင်မြှောက်ထားသောအာဏာရှင်များမဟုတ်သလို ရာသက်ပန်သမတများလည်း မဟုတ်ပေ။ ၎င်းတို့သည် ပုံသေသတ်မှတ်ထားသော သက်တမ်းအတွက် တာဝန်ထမ်းဆောင်ပြီး ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာကြသည်။ (အစိုးရအဖြစ်မှ ရှုံးနိမ့်သွားသည့်တိုင်)၊ အခြေခံဥပဒေနှင့်အညီတည်ရှိသောဒီမိုကရေစီတွင် အုပ်ချုပ်မှုအာဏာအား ယေဘုယျအားဖြင့် နည်းလမ်းသုံးသွယ်ဖြင့်ကန့်သတ်ထားသည်။

– နိုင်ငံအစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာများအား သီးခြားစီခွဲထားပြီး ပြန်လှန်စစ်ဆေးမှု ထိန်းညှိမှုများဖြင့် ကန့်သတ်ထားခြင်း၊

– နိုင်ငံအစိုးရနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီပယ်အုပ် ချုပ်ရေးအဖွဲ့တို့၏အာဏာများကို ခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်စနစ်ဖြင့် ကန့်သတ်ထားခြင်း၊

– အခြေခံအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာမခံချက်ပေးကာကန့်သတ်ထားခြင်း၊

# အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးအခြေအနေ

**DVB၊ မေလ ၁၁။** ။ လာမယ့်သီတင်း ၂ ပတ်ဆိုရင် အကျယ်ချုပ် ထိန်းသိမ်းခံထားရတာ ၆ နှစ်တင်းတင်းပြည့်တော့မှာဖြစ်တဲ့ဖြစ်တဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကျမ်းမာရေးအခြေနေ သိပ်မကောင်းဘူးလို့ မိသားစုဆရာဝန်က ပြောပါတယ်။

ပုံမှန်တွေ့နေကျ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို ကြာသပတေးနေ့မှာ ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲ ဝင်ခွင့်မပေးဘဲ အာဏာပိုင်တွေက ခေါ်ယူသွားတဲ့အတွက် သူ့ရဲ့ လက်ထောက်ဆရာဝန် ဒေါက်တာပြုံးမေအိက မနေ့က ကျန်းမာရေးစစ်ဆေးစဉ် ခုလိုသိရတာဖြစ်တယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင်ဦးဉာဏ်ဝင်းက ပြောပါတယ်။ အသက် ၆၃ နှစ် ရှိနေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဟာ သွေးပေါင်ချိန်ကျ၊ ရေဓာတ်ခန်းခြောက်ပြီး အစာကောင်းကောင်းမစားနိုင်ပဲ ဖြစ်နေတယ်လို့ ဆရာဝန်ဆီက သိရကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဆေးစစ်တဲ့ဆရာဝန်ရဲ့အဆိုအရလေ ဒေါ်အောင်ဆန်းစုကြည်က သွေးပေါင်တွေကျနေတယ်။ နောက်ပြီးတော့ Dehydration လက္ခဏာတွေ တွေ့တယ်တဲ့။ သူ အစားအသောက်ပျက်လို့ သိပ်မစားသောက်နိုင်တာလည်း ၄–၅ ရက်လောက်ရှိပြီတဲ့။ ကျန်းမာရေးအရကတော့ ချက်ချင်း အိုင်ဗီသွင်းတာပေါ့လေ။ ဒီနေ့လည်း ဆက်ကုဖို့တော့ ကြိုးစားတယ်။ ဒီနေ့အခြေအနေ ကျနော်မသိဘူး။"

"ဒေါက်တာ တင်မျိုးဝင်းက ၇ ရက်နေ့ ဆေးစစ်ဖို့သွားတော့ နေ့ခင်းလောက်သွားတာ ညနေ ၅ နာရီလောက်ထိ ခွင့်မပြုဘူး အဲ့ဒါနဲ့ ပြန်လာတယ်။ အိမ်ပြန်ရောက်ပြီးတော့ ပြောစရာရှိလို့ပြောပြီး ခေါ်သွားတယ်။ ဒီနေ့အထိ အိမ်ပြန်မပို့သေးဘူး။ ထိန်းသိမ်းခံထားရတဲ့ အခြေအနေပေါ့လေ။"

ဒေါက်တာတင်မျိုးဝင်း ထိန်းသိမ်းခံရတဲ့ ကြာသပတေးနေ့ဟာ အမေရိကန်နိုင်ငံသားတဦး ဒေါ်အောင်ဆန်းစုကြည် အိမ်ဝင်းအတွင်း အင်လျားကန်ဘက်ကနေ ရေကူးခိုးဝင်တယ်ဆိုတဲ့စွဲချက်နဲ့အထူးရဲတွေက ဒေါ်အောင်ဆန်းစုကြည် နေအိမ်ကို စစ်ဆေးနေတဲ့အချိန်ဖြစ်ပါတယ်။ ဒေါက်တာတင်မျိုးဝင်းကို ဘယ်မှာဖမ်းထားသလဲဆိုတာ မသိရသေးသလို သတင်းစာထဲပါတဲ့ အမေရိကန်နိုင်ငံသားဆိုတာကိုလည်း ဘယ်မှာဖမ်းထားမှန်း မသိကြောင်း၊ အမေရိကန်သံရုံးက တွေ့ခွင့်ပေးဖို့တောင်းတာကို နအဖဘက်က ဘာမှအကြောင်းမပြန်သေးဘူးလို့ သံရုံးအရာရှိက ပြောပါတယ်။

ရန်ကုန်ကပေးပို့တဲ့ အေအက်ပီ သတင်းတပုဒ်အရဆိုရင် အသက် ၅၃ နှစ်အရွယ် အဲဒီ အမေရိကန်နိုင်ငံသားဟာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရဲ့အောက်ထပ်မှာ ၂ ညတာ အိပ်ခဲ့ပြီး သူ ဒီမှာရှိနေတယ်ဆိုတာကို အာဏာပိုင်တွေဆီ သတင်းမပေါက်စေဖို့ ဒေါ်အောင်ဆန်းစုကြည်အား ပြောခဲ့ကြောင်း၊ အဲဒီပုဂ္ဂိုလ်ဟာ ဗီယက်နမ်စစ်ပြန်တဦးဖြစ်တယ်လို့ သိရကြောင်း အစိုးရတာဝန်ရှိသူတွေကို ကိုးကားဖော်ပြထားပါတယ်။ ဒီလူ အခု ဘယ်မှာရှိတယ်၊ ဘာကြောင့် ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲခိုးဝင်တယ်။

ဒီကိစ္စအတွက် ဒေါ်အောင်ဆန်းစုကြည် ဘက်က ရှင်းပြခွင့်ရမလား၊ အထူးသဖြင့် ဒီအမေရိကန်နိုင်ငံသားဆိုသူကို ဖမ်းမိတဲ့ စီးပွားရေးစင်တာနဲ့ ဒေါ်အောင်ဆန်းစုကြည်အိမ် အကြား အကွာဝေးဟာ ရေမိုင် တမိုင်နဲ့ ၂ ဖာလုံရှိတဲ့အတွက် ရေသနပ်ဖူးအကူသက်သက်နဲ့ ကူးသွားနိုင်တယ်ဆိုတာ ဟုတ်ပါ့မလား၊ ဒီဇာတ်လမ်းကို ထုတ်ပြောတဲ့ စစ်အစိုးရမှာ ဘယ်လို ဉာဏ်နီဉာဏ်နက်တွေရှိနေမလဲ၊ ဒေါ်အောင်ဆန်းစုကြည်ကို ၆ နှစ် ပြည့်တဲ့အချိန်မှာ ပြန်လွှတ်မပေးချင်လို့ အမှုထပ်ဆင်တာလား စသည်ဖြင့် ရန်ကုန်မြို့ခံတွေအကြား အမျိုးမျိုးဝေဖန်ပြောဆိုနေပါတယ်။ လောလောဆယ်မှာတော့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှေ့ကလမ်းကို ပိတ်ထားလိုက်ပြီး ကားအသွားအလာတွေကို တင်းကျပ်စွာစစ်ဆေးနေတယ်လို့ သိရပါတယ်။

## ဒေါ်စုကို ဆေးကုခွင့်ပေးရန် အမေရိကန်တောင်းဆို

**DVB၊ မေ ၁၂။** ။ ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရဲ့ဆရာဝန် ဒေါက်တာတင်မျိုးဝင်းနဲ့ ဆေးကုသခွင့်ပေးဖို့နဲ့ သူ့ရဲ့ရှေ့နေ ဦးကြည်ဝင်းနဲ့လည်း တွေ့ခွင့်ပေးဖို့ အမေရိကန်နိုင်ငံခြားရေးဝန် ကြီးဌာနက တောင်းဆိုလိုက်ပါတယ်။

ဒီလိုတောင်းဆိုရတာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေနေကို စိုးရိမ်ရတဲ့အတွက်ရော ဒေါက်တာတင်မျိုးဝင်းကို ဖမ်းထားတဲ့အပေါ်ကန့်ကွက်တဲ့အနေနဲ့ရော တောင်းဆိုရတာလို့ ဆိုပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထားတာဟာ တရားမျှတမှုမရှိကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော်ကို ချက်ခြင်းပြန်လွှတ်ပေးဖို့လည်း အမေရိကန်အစိုးရက တောင်းဆိုလိုက်ပါတယ်။

အလားတူ ညွန့်ပေါင်းအစိုးရ အန်စီဂျီယူဘီအပါအဝင် ပြည်ပအခြေစိုက် ဒီမိုကရေစီအဖွဲ့အစည်းတွေကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအတွက် အထူးစိုးရိမ်နေကြပြီး မိသားစုဆရာဝန်နဲ့ ဆေးဝါးကုသခွင့်ပေးဖို့တောင်းဆိုထားကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးအတွက်ရော၊ သူ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းရဲ့ လုံခြုံရေးအတွက်ရော စိုးရိမ်ရတဲ့ အနေအထားဖြစ်နေတယ်လို့လည်း ကြေညာချက်တွေ ထုတ်ပြန်ထားပါတယ်။

---

**တဖက်မှ**

နိုင်ငံအဆင့်တွင် အုပ်ချုပ်မှုအာဏာအား အခြေခံဥပဒေက အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ရှိသော ဥပဒေပြုအမတ်များနှင့် သီးခြားလွတ်လပ်သည့်တရားစီရင်ရေးအဖွဲ့တို့က ကန့်သတ်ထားသည်။

ယနေ့ခေတ်သစ်ဒီမိုကရေစီတွင် အုပ်ချုပ်မှုဆိုင်ရာ အခွင့်အာဏာသည် ပါလီမန်စနစ် သို့မဟုတ် သမတစနစ်အပေါ်တွင် ယေဘုယျအားဖြင့် စုစည်းထားသည်။

– ပါလီမန်စနစ်တွင် ဥပဒေပြုလွှတ်တော်၌ အမတ်နေရာအများစုရရှိသော ပါတီသည် အစိုးရဖွဲ့စည်းပြီး ဝန်ကြီးချုပ်က ဦးဆောင်သည်။

– ပါလီမန်စနစ်တွင် ဥပဒေပြုအဖွဲ့နှင့် အစိုးရအဖွဲ့တို့သည် တခုနှင့်တခု အကြားလုံးဝသီးခြားရှိနေခြင်းမဟုတ်ပေ၊ အကြောင်းမှာ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကို လွှတ်တော်အမတ်များထဲမှ ရွေးချယ်ခြင်းကြောင့်ဖြစ်သည်။ ထိုကဲ့သို့သောစနစ်များတွင် နိုင်ငံရေးအတိုက်အခံများသည် အုပ်ချုပ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်များကို ကန့်သတ်သော စစ်ဆေးမှုပြုသည့် အလုပ်များကို အဓိကလုပ်ကိုင်သည်။

– သမတစနစ်တွင် သမတအား လွှတ်တော်အမတ်များထဲမှ ရွေးချယ်ခြင်း လုံးဝမပြုပေ၊

– သမတစနစ်တွင် သမတနှင့်လွှတ်တော်တို့သည် ၎င်းတို့ကိုယ် ပိုင်သီးခြားစီကျင့်သုံးပိုင်ခွင့်ရှိသည့် အခွင့်အာဏာများရှိကြသည်၊ ထိုအခွင့်အာဏာများကို ၎င်းတို့သည် အပြန်အလှန်စစ်ဆေးမှုများ ထိန်းညှိမှုများပြုလုပ်ကြသည်။

ဒီမိုကရေစီသည် အစိုးရအား အားနည်းသွားစေရန် လုပ်ဆောင်ခြင်းမရှိပေ၊ အစိုးရ၏အခွင့်အာဏာကိုသာကန့်သတ်ခြင်းဖြစ်သည်။

ဒီမိုကရေစီတွင်နိုင်ငံ့အရေးကိစ္စများ၌ သဘောတူညီမှုရရန် နှေးကွေးကောင်းနှေးကွေးမည်ဖြစ်သော်လည်း သဘောတူညီမှုရရှိသွားသည့်အခါ သက်ဆိုင်ရာခေါင်းဆောင်များသည် ကြီးမားလှသည့်လုပ်ပိုင်ခွင့်၊ ခိုင်မာလှသည့်ယုံကြည်ချက်တို့ဖြင့် လုပ်ဆောင်နိုင်ကြပေသည်။

မည်သည့်အချိန်အခါတွင်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ထွန်းတည်ရှိနေသောဒီမိုကရေစီတွင် ခေါင်းဆောင်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို သတ်မှတ် ကန့်သတ်ပေးထားသည့် တရားဥပဒေစိုးမိုးရေး ဘောင်များအတွင်း၌ လုပ်ကိုင်ကြပေသည်။

**ဆက်လက်ဖော်ပြပါမည်**

# ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲတဲ့အပေါ် ကမ္ဘာတဝန်း ခေါင်းဆောင်များပူပန်

**VOA၊ မေလ ၁၅။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မေလ ၁၃ ရက်နေ့မနက်က အင်းစိန်ထောင်မှာတရားစွဲပြီး ထောင်ထဲကိုပို့လိုက် တယ်ဆိုတဲ့သတင်း တကမ္ဘာလုံးဟိုးလေးတကျော်ဖြစ်သွားပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr.Ban Ki-moon အပါအဝင် ကမ္ဘာတဝန်းက နိုင်ငံ့ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းအသီးသီးက စိုးရိမ်မကင်းဖြစ်ရကြောင်း ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် တိုက်တွန်းထားသလို ခုလိုအခြေအနေမျိုးမှာရှေ့ ဆက်ဘာတွေလုပ်သင့်သလဲ၊ လုပ်ဘို့ရှိတယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့သဘောထားတွေကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

မနေ့တုန်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ရဲ့ပြောခွင့်ရပုဂ္ဂိုလ် Ms.Marie Okabe က အတွင်းရေးမှူးချုပ်ရဲ့သဘောထားနဲ့ပတ်သက်ပြီး သတင်းထောက်တွေကို အခုလိုပြောခဲ့ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို ရာဇဝတ်မှုစွဲချက်တွေနဲ့ အင်းစိန်ထောင်ကိုပို့လိုက်ပြီဆိုတဲ့ သတင်းကြောင့် အထွေထွေအတွင်းရေးမှူးချုပ် အင်မတန်စိုးရိမ်မကင်းဖြစ်ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံမှာ အမျိုးသားရင်ကြားစေ့ရေးအတွက် တွေ့ဆုံစကားပြောရေးမှာ မရှိမဖြစ်အရေးကြီးတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကို အဟန့်အတားဖြစ်စေမယ့် အပြုအမူမျိုးကို မြန်မာအစိုးရအနေနဲ့ ရှောင်ကြဉ်ကြဘို့တိုက်တွန်းပါတယ်။

အတွင်းရေးမှူးချုပ် အတန်တန်ပြောခဲ့ဘူးသလိုဘဲ သူအပြည့်အဝယုံကြည်တာက မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အုတ်တချပ် သဲတပွင့်အဖြစ် ပါဝင်ရမယ့်သူအားလုံးအနေနဲ့ လွတ်လွတ်လပ်လပ် ဆောင်ရွက်ပိုင်ခွင့်ရှိဘို့လိုအပ်ပါတယ်။ ဒါမှသာလျှင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ဟာ လေးစားစိတ်ချနိုင်စရာ ဖြစ်လာမှာပါ။”

အလားတူ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ Mr.Thomas Ojea Quintana ကလည်း အခုနောက်ဆုံး ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူမှုဟာ နိုင်ငံတကာဥပဒေရှုထောင့်ကနေရော မြန်မာအစိုးရဘက်က ကိုယ်တိုင်ထုတ်ပြန်ခဲ့တဲ့ ၁၉၇၅ ခု နိုင်ငံတော်ကာကွယ်စောင့်ရှောက်မှု ဥပဒေနဲ့ပါ ဆန့်ကျင်နေကြောင်း ပြောခဲ့ပါတယ်။

တဆက်တည်းမှာဘဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကလည်း အမေရိကန်နိုင်ငံမှာ သူနဲ့တရားဝင်တွေ့ဆုံဘို့ရောက်နေတဲ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီး Datuk Anifah Aman နဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲတရပ်ကျင်းပပြီး အခုလိုပြောခဲ့ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်တယောက် အခြေအမြစ်မရှိတဲ့စွဲချက်တွေနဲ့ အရေးယူခံလိုက်ရတာကို ကြားရတာနဲ့ ကျမအကြီးအကျယ်စိုးရိမ်မကင်းဖြစ်ရပါတယ်။ ဒါဟာ တရားဥပဒေနဲ့မကိုက်ညီသလို အာဆီယံပဋိညာဉ်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တွေနဲ့လည်း မကိုက်ညီပါဘူး။ စစ်အစိုးရအနေနဲ့ ဒီဖြစ်ရပ်ကိုအကြောင်းပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေမဲ့ ဆက်ပြီးထိန်းချုပ်ထားဘို့ ကြိုးစားလိုက်တာကို ကျမတို့ကန့်ကွက်ပါတယ်။ သူ့ရဲ့နေအိမ်အကျယ်ချုပ်ခံရတာ ၆ နှစ် မပြည့်ခင်လေးမှာ ခုလိုဖြစ်သွားခဲ့ရတာပါ။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းအကန့်အသတ်မရှိ လွှတ်ပေးပါလို့ စစ်အစိုးရကိုတောင်းဆိုပါတယ်။”

ဆက်လက်ပြီး Mrs.Clinton က သူ့ဘက်က ဘာတွေဆက်လုပ်မလည်းဆိုတာကို ခုလိုပြောပါတယ်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ကျမတို့အနေနဲ့ မလေးရှားအပါအဝင် အာဆီယံနိုင်ငံတွေနဲ့စကားပြောဘို့ရှိပါတယ်။ အာဆီယံအတွင်းရေးမှူးချုပ်နဲ့လည်း ကျမတွေ့ဘို့ရှိပါတယ်။ ဒီကစ္စနဲ့ပတ်သက်ပြီး အာရှဒေသတခုလုံးကနေပြီး ထုတ်ပြန်ကြေညာချက်တစောင် ထုတ်ပြန်ဘို့လိုအပ်တယ်လို့ ကျမတို့ထင်ပါတယ်။ ကျမတို့အနေနဲ့ တရုတ်နိုင်ငံကိုလည်းချဉ်းကပ်ပြီး ဆွေးနွေးသွားဘို့ရှိပါတယ်။”

မလေးရှားနိုင်ငံခြားရေးဝန်ကြီး Datuk Aman ပြောခဲ့တာကတော့

“ခုလိုအချိန်မျိုးမှာ ကျနော်တို့က မြန်မာနိုင်ငံကို အထီးကျန်မချန်ထားချင်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျနော်တို့အနေနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကနေတဆင့် ထိတွေ့ဆက်ဆံပြောဆိုတဲ့နည်းလမ်းနဲ့ အဖြေရှာချင်ပါတယ်။ ဖြစ်နိုင်ရင် အာဆီယံနိုင်ငံတွေအပြင် အာဆီယံအပေါင်း ၃ နိုင်ငံတွေထဲက တရုတ်လိုနိုင်ငံမျိုးရဲ့ သဘောထားကိုတီးခေါက်ပြီး သူတို့ဆီကအကူအညီနဲ့ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ကြိုးစားရှာမှာဖြစ်ပါတယ်။”

ဗြိတိန်ဝန်ကြီးချုပ်အပြင် ဥရောပသမဂ္ဂ EU ၊ Amnesty International အဖွဲ့ကြီးတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်အတွက် စိုးရိမ်မကင်းဖြစ်ရကြောင်း၊ သူ့ကိုချက်ချင်းပြန်လွှတ်ပေးဘို့ သက်ဆိုင်သူတွေအားလုံးပါဝင်ခွင့်ရတဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် စတင်ဘို့တိုက်တွန်းထားကြပါတယ်။ တောင်အာဖရိကနိုင်ငံက နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီး Desmond Tutu ကလည်းဒီလိုအရေးယူတဲ့ကိစ္စဟာ မိုက်မဲတဲ့လုပ်ရပ်ဘဲလို့ ပြောခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကိုမလွှတ်ဘို့ အစိုးရကအကြောင်းရှာနေတာရှင်းပါတယ်လို့ အမေရိကန်သမတဟောင်း Jimmy Carter ကလည်းပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို တရားဥပဒေနဲ့အညီမဟုတ်ဘဲ ထိန်းသိမ်းထားတာ ၁၃ နှစ်ရှိပါပြီ၊ အခုအမှုကလည်း ဥပဒေနဲ့မညီညွတ်ပါဘူးလို့ ယခင်ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မင်းကြီး Mary Robinson ကလည်းပြောခဲ့ပါတယ်။

# ဒေါ်စုလုံခြုံရေး ကုလဝင်ရောက်အကာအကွယ်ပေးပါ

**RFA၊ မေလ ၁၂။** ။ ပြည်ပအခြေစိုက် တိုင်းရင်းသားနဲ့ အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းတွေဖြစ်တဲ့ တပ်ပေါင်းစု ၇ ခုက ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး လုံခြုံရေးစိုးရိမ်ရတဲ့အတွက် ကုလသမဂ္ဂအနေနဲ့ ဝင်ရောက်စစ်ဆေး အကာအကွယ်ပေးဖို့ ဒီကနေ့မှာ တောင်းဆိုလိုက်ကြပါတယ်။

ဒီတောင်းဆိုမှုနဲ့ပတ်သက်ပြီး အဲဒီ ၇ ဖွဲ့မှာပါတဲ့ မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ် WLB ရဲ့အမှုဆောင်တဦးဖြစ်တဲ့ မသင်းသင်းအောင်ကအခုလိုပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရကနေပြီး စွပ်စွဲထားတဲ့အချက်တွေနဲ့ ဂုဏ်သရေထိခိုက်အောင်လုပ်ပြီးမှ အကြံအစည်ရှိရှိနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းဆီးထားတဲ့သက်တမ်း ကုန်ဆုံးမယ့်အချိန်မှာ ပြန်ပြီးတော့သူတို့ဖမ်းချင်လို့ အကွက်ဆင်တဲ့ ပုံစံမျိုးလည်းဖြစ်နိုင်တယ်လို့ ကျမကတော့ပြောချင်တယ်။

ဒီတော့ ဒီလိုအနေအထားကြောင့်မို့ ဒေါ်စုရဲ့အခြေအနေက ကျန်းမာရေးရော လုံခြုံရေးအခြေအနေပါ လုံးဝစိုးရိမ်ရတဲ့အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် ကျမတို့က UN အနေနဲ့ ဒေါ်စုရဲ့ကျန်းမာရေး လုံခြုံရေးကိစ္စတွေကို အမြန်ဆုံးစုံစမ်းပြီး အကာအကွယ်ပေးဘို့အတွက် ကျမတို့ကတောင်းဆိုတာဖြစ်ပါတယ်။ နေ့လည်ကဘဲ ကုလသမဂ္ဂရော အာဆီယံရော ဒေသတွင်းကအစိုးရတွေအနေနဲ့ ဒါကို အရေးတကြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့အခြေအနေကို အာရုံစိုက်ပြီးတော့ သူ့ရဲ့ကျန်းမာရေး၊ လုံခြုံရေးကိုအကာအကွယ်ပေးဘို့အတွက် တပ်လှန့်လိုက်တဲ့သဘောဖြစ်ပါတယ်။”

စစ်အစိုးရလုံခြုံရေးအပြည့်ချထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ကို အမေရိကန်နိုင်ငံသားတဦးက အင်းယားကန်ဖြတ်ကူးဝင်ရောက်သွားတယ်ဆိုတဲ့ သတင်းထုတ်ပြန်ချက်ထွက်လာခဲ့ပြီး နောက်ဆက်တွဲထုတ်ပြန်မယ့်သတင်းကို ပြည်သူတွေ၊ နိုင်ငံရေးသမားတွေအပါအဝင် နိုင်ငံတကာကစိတ်ဝင်တစားစောင့်ကြည့်နေကြသလို ဒေါ်အောင်ဆန်းစုကြည်ကို ဒီကိစ္စနဲ့ဆက်နွယ်ပြီး ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်မှာလားဆိုတဲ့ သံသယတွေလည်းရှိနေကြတယ်လို့ သိရပါတယ်။

**မေ ၉ ၊ RGN-Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အစာမစားနိုင်ဘဲ၊ သွေးအားနည်းရောဂါဖြစ်နေကြောင်း အဲန်အဲလ်ဒီ ဦးဉာဏ်ဝင်းမှဆို၏။ ယမန်နေ့က သူမ၏ ဆရာဝန်အဖွဲ့မှ အကြောဆေးသွင်းပေးခဲ့၏။ သူမ၏မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းအား အာဏာပိုင်များမှမေးစရာရှိသည်ဆို၍ မေ ၇ နေ့က ခေါ်သွားကြောင်း။

**မေ ၁၀ ၊ RGN ။ ။** ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ဆရာဝန်နှင့်အပြည့်အဝတွေ့ဆုံဆေးကုခွင့်ပေးရန် အဲန်အဲလ်ဒီမှ၄င်း၊ အမေရိကန်အစိုးရမှ၄င်း တောင်းဆို၏။

**မေ ၁၁ ၊ DVB ။ ။** ၂၀၁၀ ရွေးကောက်ပွဲဆန္ဒခံယူရာတွင် ခြောက်လှန့်ခြင်း၊ မဲတုလုပ်ခြင်းများပါကြောင်း နိုင်ငံရေးသုံးသပ်မှုနှင့် စာရွက်စာတမ်းပြုစုရေးသိပ္ပံ IPDA မှ ထုတ်ပြန်၏။

**မေ ၁၁ ၊ EarthTimes ။ ။** ထောင်တွင်းသေဆုံးသူများမပါဘဲ နိုင်ငံရေးအကျဉ်းကျနေသူ အနည်းဆုံး ၁၂၇ ဦးလက်ရှိ ကျန်းမာရေးဆိုးဝါးနေကြောင်း AAPP မှဆို၏။

**မေ ၁၁ ၊ Mizzima ။ ။** ချေးငွေနည်း၍ မြန်မာ၏လယ်ယာစီးပွားရေးသည် ချုံးချုံးကျနိုင်ကြောင်း ဩစတြေးလျား Macquarie တက္ကသိုလ်မှ ပါမောက္ခ Sean Turnell မှဆို၏။

**မေ ၁၂ ၊ Irrawaddy ။ ။** သတင်းနှင့်ဓါတ်ပုံပညာဟောပြောခဲ့သူ သတင်းသမားနှစ်ဦးသည် မိမိတို့ မြန်မာမှအနှင်ခံခဲ့ရမှုသည် လွှတ်ကုန်သည်တဦးနှင့်တွေ့ရန် စီစဉ်မှုကြောင့် ဟုထင်ကြောင်း။

**မေ ၁၃ ၊ CNN ။ ။** ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ရေကူးသွားခဲ့သူ J W Yettaw အား ရန်ကုန်ရှိအမေရိကန်သံရုံးမှ သုံးမိနစ်တာတွေ့ဆုံခွင့်ရခဲ့ကြောင်း သံရုံးမှဆို၏။

**မေ ၁၄ ၊ OTTAWA ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် လက်ရှိအစွပ်စွဲခံနေရသူ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် ကနေဒါနိုင်ငံခြားရေးဝန်ကြီး Peter Kent မှဆို၏။

**မေ ၁၄ ၊ BBC ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ညအိပ်ဧည့်သည်လက်ခံမှုဖြင့် နအဖ မှ မေ ၁၈ တွင်တရားစွဲဆိုရန် ယနေ့နေအိမ်မှနေ၍ အင်းစိန်ထောင်သို့ခေါ်သွားခဲ့ကြောင်း၊ သူမနေအိမ်သို့ရေကူးရောက်လာသူ အမေရိကန်နိုင်ငံသားအား လက်ခံထားမှုကို အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် အမှုစွဲဆိုခြင်းဟုသိရ၏။

**မေ ၁၄ ၊ WTN ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အကြောင်းမခိုင်လုံဘဲ တရားစွဲရန် ခေါ်ဆောင်သွားခြင်းမှလွှတ်ရန် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ Hilary Clinton မှဆို၏။

**မေ ၁၄ ၊ OSLO ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားမှုအား နိုဘဲလ်ငြိမ်းချမ်းရေးဆုပေးကော်မတီမှ ထူးခြားစွာ ပြစ်တင်ရှုတ်ချ၏။

**မေ ၁၄ ၊ UN ။ ။** ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ရန်နှင့်သူမအပေါ် နောက်ဆုံးစွဲဆိုချက်နှင့်ပတ်သက်၍ လေးနက်စွာစိုးရိမ်ပူပန်ကြောင်း ကုလအတွင်းရေးမှူး ဘန်ကီမွန်းမှဆို၏။

**မေ ၁၄ ၊ TKY,SEOUL, ND, BKK ။ ။** နေမကောင်းဟုသတင်းထွက်နေသော ဒေါ်အောင်ဆန်းစုကြည်အား အိမ်တွင် ညအိပ်ဧည့်သည် လက်ခံမှုဖြင့်တရားစွဲရန် အင်းစိန်ထောင်သို့ခေါ်ဆောင်သွားမှုကို ကန့်ကွက်ဆန္ဒပြမှုများ ကမ္ဘာတဝှမ်း ဒီမိုကရေစီလိုလားသောမြန်မာများမှ သတင်းကြားကြားခြင်း နအဖသံရုံးရှေ့များတွင် အမြန်ဆုံးဆန္ဒပြပွဲများကျင်းပခဲ့၏။

**မေ ၁၅ ၊ CNN ။** ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရေကူးသွားခဲ့သူ J W Yettaw သည် အမှု ၃ မှုဖြင့် တရားစွဲဆိုခံရမည်ဖြစ်ကြောင်း။

**မေ ၁၅ ၊ FALCON, Missouri-CNN ။ ။** John Yettaw သည် မစ်ဇိုရီပြည်နယ်တွင်နေထိုင်ကာ စာပေကျွမ်းကျင်ပြီး၊ သားသမီးပညာရေးဂရုစိုက်သူ၊ တပါးသူကို ကူညီ၊ လူများနှင့်သိပ်မရောဘဲနေတတ်သူဟု မိတ်ဆွေအချို့မှဆို၏။

**မေ ၁၅ ၊ Vancouver Sun ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် မည်သူ့အား၊ မည်သည့်အချက်များအားကိုယ်စားပြုသည်ကို၄င်း၊ နအဖသည် မိမိတို့တချိန်ချိန် ပြည်တွင်းပြည်ပခုံရုံးများတွင် စွဲဆိုအပြစ်ချခံရမည်ကို စိုးရိမ်ကြောင့်ကျနေကြောင်း။ သူမအိမ်သို့ရေကူးရောက်လာပြီး ၂ ရက်တာနေပြီး ဘုရားဆုတောင်းနေခဲ့သူ John Yettaw သည် ဒေါ်အောင်ဆန်းစုကြည်မှ နှစ်ဦးနှစ်ဘက်အန္တရာယ်ရှိ၍ အမြန်ဆုံးပြန်ထွက်ရန် ပြောဆိုခဲ့သော်လည်း ဆက်လက်နေခဲ့ကြောင်း။

**မေ ၁၅ ၊ BBC ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် မိမိတွင်အပြစ်မရှိဟုဆိုကြောင်းနှင့် သူသည် ကိုယ်ရောစိတ်ပါ ခိုင်မာလျက်ရှိကြောင်း သူ၏ရှေ့နေဦးကြည်ဝင်းမှဆို၏။

**မေ ၁၅ ၊ East TIMOR ။ ။** ဒေါ်အောင်ဆန်းစုကြည်အား မလွှတ်လျှင် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးသို့တိုင်တန်းမည်ဟု E Timor သမတ ငြိမ်းချမ်းရေးနိုဘဲလ်ဆုရှင် Jose Ramos Horta မှဆို၏။

**မေ ၁၅ ၊ NY ။ ။** အိန္ဒိယအပါအဝင် မြန်မာနှင့်ကုန်သွယ်မှုပြုသူများအား ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဖိအားပေးရန် လူ့အခွင့်အရေးအဖွဲ့ HRW မှတိုက်တွန်း၏။

**မေ ၁၅ ၊ UN ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားမှုသည် တရားမဝင်ကြောင်း ကုလဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Navi Pillay မှ ယနေ့ဆို၏။

**မေ ၁၅ ၊ WTN ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးခြင်းဖြင့် နအဖသည် အမေရိကန်နှင့်ဆက်ဆံမှုမွမ်းမံရာရောက်နိုင်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်များဖြစ်သော John Kerry နှင့် Richard Lugar တို့ မှဆို၏။

**မေ ၁၅ ၊ AFP ။ ။** ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် နအဖအားဖိအားပေးရန် HRW မှ ဘန်ကီမွန်းအားတိုက်တွန်း၏။ သူမလွှတ်မြောက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ သူမလွှတ်မြောက်ရေးအတွက် အရေးပေါ်စွက်ဖက်ရန် Amnesty International မှတိုက်တွန်း၏။

**မေ ၁၅ ၊ BRUSSELS ။ ။** မိမိနေအိမ်အကျဉ်းစည်းမျဉ်းဖောက်ဖျက်မှုဖြင့် ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားမှုအပေါ် အထူးဝမ်းနည်းကြောင်း ဥရောပကော်မရှင်ဥက္ကဌ Jose Manuel Barroso မှထုတ်ပြန်ကြေညာ၏။

**မေ ၁၅ ၊ Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖ၏ကြံစည် ပုံကြီးချဲ့စွဲချက်များအတွက် ဗြိတိန်၊ အီးယူ၊ ကုလသမဂ္ဂနှင့် လူ့ အခွင့်အရေးအဖွဲ့များမှ ဝိုင်းဝန်းပြစ်တင်ကန့်ကွက်၏။

**မေ ၁၅ ၊ AP ။ ။** ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ကုလအတွင်းရေးမှူး ဘန်ကီမွန်းမှ ကြားဝင်ဖြေရှင်းရန် ချက်သမတဟောင်း Vaclav Havel မှ တောင်းဆို၏။

**မေ ၁၅ ၊ TKY ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ထောင်ဝင်းတွင်းခေါ်ဆောင်သွားမှုအတွက် အထူးစိုးရိမ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်သူအားလုံးပါဝင်ခွင့်ရမည့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်မည်ဟု ဂျပန်မှမျှော်လင့်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ နအဖ သံအမတ်ဦးလှမြင့်အား ယနေ့ခေါ်ယူပြောဆို၏။

**မေ ၁၅ ၊ SPR ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွှတ်ရန်နှင့် သူမအား ထောင်တွင်းခေါ်ဆောင်သွားပြီး အမှုသစ်ဆင်နေခြင်းသည် မြန်မာ ရင်ကြားစေ့ဆွေးနွေးပွဲနှင့်

# မြန်မာနိုင်ငံတွင်း ဆိတ်ကွယ်ရာက လူသတ်ကွင်း အစီရင်ခံစာ အေအေပီပီထုတ်ပြန်

**DVB၊ မေ ၁၂။** ။ မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသားတွေဟာ လုံလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရတဲ့အပေါ် နိုင်ငံရေးအကျဉ်းသား ကာကွယ်စောင့်ရှောက်ရေးအသင်းက အစီရင်ခံစာတစောင်ကို ထုတ်ပြန်လိုက်ပါတယ်။

ဆိတ်ကွယ်ရာက လူသတ်ကွင်းလို့ အမည်ရတဲ့ အစီရင်ခံစာကို ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက မနေ့က ထုတ်ပြန်လိုက်တာပါ။ ဒီအစီရင်ခံစာ ထုတ်ပြန်ရတဲ့ရည်ရွယ်ချက်ကိုတော့ အကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းရဲ့ တွဲဘက်အတွင်းရေးမှူးဦးဘိုကြည် က ရှင်းပြပါတယ်။

"မြန်မာနိုင်ငံမှာ နိုင်ငံရေးလှုပ်ရှားတဲ့သူတွေက မတရားသဖြင့် အဖမ်းခံရပြီးတဲ့အခါ စစ်ကြောရေးစခန်းတွေမှာ အနှိပ်စက်ခံရတာတွေရှိတယ်။ အဲဒီအပြင် တရားရုံးတွေမှာလည်း မျှတတဲ့ တရားစီရင်ခွင့်မရဘဲ အကျဉ်းထောင်တွေထဲပို့ ဆောင်ခြင်းခံနေရတယ်။ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခြင်းခံနေရတယ်။ နောက်ထပ် ထပ်ပြီးတော့ မိသားစုတွေနဲ့ ဝေးတဲ့ ရပ်ဝေးအကျဉ်းထောင်တွေကို ပြောင်းရွှေ့တယ်။ အဲ့လိုပြောင်းရွှေ့တဲ့အခါမှာ တချို့ထောင်တွေက ထောင်ဆေးရုံမရှိဘူး။ ထောင်ဆရာဝန်တွေ မရှိဘူး။ ဒီအကျဉ်းသားတွေက လုံလောက်တဲ့ ဆေးဝါးတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရဘူး။ မိသားစုတွေက ဝေးတဲ့အခါ မလိုက်နိုင်တော့ သူတို့ရဲ့ ဆေးဝါးနဲ့အစားအသောက်တွေက အများသောအားဖြင့် မိသားစုကို မှီခိုနေရတာဖြစ်တယ်။ ဒီဟာတွေက နအဖစစ်အုပ်စုကနေပြီးတော့ စနစ်တကျ၊ ရည်ရွယ်ချက်ရှိရှိနဲ့ ဒီလူတွေကို ဆိတ်ကွယ်ရာမှာ သေဆုံးသွားအောင်လို့ လုပ်ကြနေတဲ့ သဘောမျိုးဖြစ်နေတယ်။"

အကျဉ်းထောင်တွေထဲမှာ လတ်တလောကျန်းမာရေးချို့တဲ့နေသူ ၁၃၀ နီးပါးရှိပြီး အဲဒီထဲကမှ လူ ၂၀ လောက်ဟာ စိုးရိမ်ရတဲ့အခြေအနေမှာ ရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကျန်းမာရေးစိုးရိမ်ရသူတွေမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ မစုစုနွေး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နဲ့ နိုင်ငံကျော်လူရွှင်တော် ဇာဂနာတို့ပါဝင်တယ်လို့ အစီရင်ခံစာက ဆိုပါတယ်။ ထောင်ထဲက နိုင်ငံရေးအကျဉ်းသားအများစု ခံစားနေရတဲ့ဝေဒနာတွေကတော့ နှလုံးရောဂါ၊ မျက်စိရောဂါ၊ လေဖြတ်တာ၊ အသည်းရောင်အသားဝါနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရတဲ့ ဝေဒနာတွေဖြစ်တယ်လို့ ဦးဘိုကြည်က ပြောပါတယ်။ အကျဉ်းထောင်တွေထဲက ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတွေကိုလည်း ဦးဘိုကြည်က ပြောပါတယ်။

"အကျဉ်းထောင်အာဏာပိုင်တွေ ပြောဆိုချက်အရ မြို့နယ်ဆရာဝန်က နေတပတ်တခါ၊ ၂ ပတ်တခါ လာပြီးကြည့်တယ်လို့ဆိုတယ်။ ဥပမာ...မစုစုနွေးဆိုရင် နှလုံးရောဂါခံစားနေရတာဖြစ်တယ်။ သူ့ဟာက အထွေထွေကုရောဂါဆရာနဲ့ ကုသလို့ရတဲ့ ရောဂါမျိုးမဟုတ်ဘူး၊ တကယ့် အထူးကုဆရာဝန်နဲ့ပြသမှ၊ ကုမှ ရမယ့်ဟာမျိုးဖြစ်တယ်။ ဒါပေမယ့် အထူးကုဆရာဝန်နဲ့ အခုအချိန်အထိ တွေ့ခွင့်မရသေးဘူး။ ဒါဟာ အတော်လေး စိုးရိမ်စရာကောင်းတယ်။ ကိုဇာဂနာဆိုရင်လည်း ဟိုတလောက မေ့လဲသွားတာက နာရီပေါင်းများစွာချီပြီးတော့ မေ့လဲသွားတဲ့ အနေထားမျိုးရှိတယ်။ ဒါဟာ အတော်စိုးရိမ်စရာ အနေအထားမျိုးတွေဖြစ်တယ်။ ကိုလှမျိုးနောင်ဆိုရင်လည်း အထူးကုဆရာဝန်နဲ့ ကုသခွင့်အမိန့်ကျထားပြီးသားဖြစ်ပေမယ့် အခုအချိန်အထိ အထူးကုဆရာဝန်နဲ့ ကုသခွင့်မရသေးဘူး၊ သူ့ရဲ့မျက်လုံးနှစ်ဖက်က ကွယ်သွားနိုင်တဲ့အနေအထားတွေရှိတယ်။"

# မြန်မာနိုင်ငံမှာ အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားနှုန်းတိုးတက်

**NEJ၊ မေလ ၁၄။** ။ မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ဖြစ်ပွားနှုန်း တိုးတက် လျက်ရှိရာ ယခုအခါ HIV ကူးစက်နေသူ ၅ သိန်းခွဲခန့်ရှိပြီး ဝေဒနာခံစားနေရသူ ဆင်းရဲလူနာများအတွက် နိုင်ငံတော်၏ HIV ဆေးဝါးထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အနိမ့်ဆုံးအခြေအနေရောက်နေကြောင်း လေ့လာဆန်းစစ်သူများက ပြောပါတယ်။

UHAIDS/WHO တို့မှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းကျင်းပသည့် ၂၀၀၅ စက်တင်ဘာ အလုပ်ရုံဆွေးနွေးပွဲစစ်တမ်းများအရ မြန်မာနိုင်ငံတွင် HIV ရောဂါကူးစက်နေသူ ၃၃၈,၉၁၁ ဦးရှိကြောင်း၊ ARV ဆေးဝါးရရှိသူ ၁၁,၁၇၁ ဦးရှိပြီး ၎င်းတို့အနက် အမျိုးသား ၅၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၂ ရာခိုင်နှုန်းနှင့် ၁၃ နှစ်အောက်ကလေး ၈ ရာခိုင်နှုန်းဖြစ်ကြောင်း ARV ဆေးထောက်ပံ့မှု၏ ၁၄ ရာခိုင်နှုန်းမှာ နိုင်ငံတော်မှဖြစ်ကြောင်း သိရပါတယ်။

ARV ဆေးဝါး ဝယ်ယူမသောက်သုံးနိုင်သူလူနာများအတွက် အများဆုံး ပံ့ပိုးနေသောအဖွဲ့အစည်းမှာ ဟော်လန်အခြေစိုက် NGO တခု၏ အထောက်အပံ့ခံသဇင်ဆေးခန်း AZC ဖြစ်ပြီး လူနာဟောင်း ဖ,၀၀၀ ကျော်ကို လစဉ်ဆေးဝါးပံ့ပိုးနေသော်လည်း ၂၀၀၆ ခုနှစ်ကတည်းက လူနာသစ်လက်မခံတော့ဘဲ HIV သွေးစစ်ဆေးပေးမှုကိုသာ ပြုလုပ်နိုင်တော့ကြောင်းသိရပါတယ်။

ပြည်တွင်း၌ ARV ဆေးဝါးဖြန့်ဖြူးဝေငှနေသူ အဲန်ဂျီအို ၁၀၀ ခန့်ရှိပြီး ထိထိရောက်ရောက်ဆောင်ရွက်နေသူလေးငါးဦးခန့်သာရှိကြောင်း၊ ယခုအခါ အဆိုပါ အဲန်ဂျီအိုတို့သည် ဆေးဝါးပြတ်လပ်မှုအခက်အခဲကြုံတွေ့နေရပြီး ရန်ကုန်မြို့ရှိ ဆေးရုံကြီးနှစ်ရုံမှာ လူနာ ၂၀၀ ခန့်ကိုသာ လစဉ်ဆေးဝါးပံ့ပိုးပေးနိုင်ကြောင်း ယနေ့အခြေအနေသည် ဝေဒနာရှင်တို့အတွက် အလွန်ဆိုးဝါးသောအနေအထားရောက်ရှိနေကြောင်း အဲန်ဂျီအိုတခုကပြောပါတယ်။

HIV ဆေးတိုက်ကျွေးမှုကို ရန်ကုန်မြို့ ဝေဘာဂီဆေးရုံကြီးနှင့် မင်္ဂလာဒုံဆေးရုံကြီးတို့တွင် ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံတက်လူနာများမှာ မင်္ဂလာဒုံဆေးရုံသွားပါက ဝေဘာဂီသို့လွှဲလိုက်၊ ဝေဘာဂီဆေးရုံသို့သွားပါက မင်္ဂလာဒုံလွှဲလိုက်နှင့်ယောက်ယက်ခတ်နေကြကြောင်း၊ ဆေးရယူလိုမှုနှင့်ဆေးရုံရက်ချိန်းတိုင်း လာစောင့်နေသူဝေဒနာရှင် နေ့စဉ်များပြားလျက်ရှိကာ အချို့မှာ ရက်ချိန်းစောင့်ရင်း အသက်ဆုံးရှုံးသူများနေကြောင်း ဝေဒနာရှင်တဦးကပြောပါတယ်။

နယ်မှ ARV ဆေးလာထုတ်သူများကို နယ်ဆေးရုံကြီးများသို့ ညွှန်ကြားလွှဲပြောင်းပေးလျက်ရှိရာ ဆေးဝါးရောက်ရှိချိန်နှင့်တိုက်ဆိုင်သူလူနာ ဆယ်ဂဏန်းခန့်သာ ARV ရရှိကြောင်း၊ ကျန်လူနာများမှာ အပြင်မှဝယ်ယူသုံးစွဲနေရကြောင်း မန္တလေးဆေးရုံကြီး၌ ARV လစဉ်ထုတ်ယူနေသူ လူနာတဦးကပြောပါတယ်။

"ကျမတို့အခုစုနေကြတဲ့ တောင်ဒဂုံ ၁၈ ရပ်ကွက်တဲပိုင်းလေးတွေမှာ HIV လူ ၄၀ လောက်ရှိတယ်။ မဖြူဖြူသင်းက ဆေးဝါး၊ စားဝတ်နေရေးအကုန်တာဝန်ယူထားတယ်။ မဖြူဖြူသင်းတယောက်တည်းနဲ့ ကျမတို့လူနာ ၁၀၀ ကျော်ကို လစဉ်ဆေးပေးနေတယ်။ အခု မဖြူဖြူသင်းကိုယ်တိုင် ဆေးဝါးတွေပြတ်နေတဲ့အခက်အခဲကြုံနေတယ်။ လူနာအချင်းချင်း ဆေးမျှသောက်နေရတာ ၃ နှစ်ကျော်နေပြီ။ ဒါပေမယ့် လူနာတွေတကြိမ်မှဆေးသောက်မပြတ်သေးဘူး။" ဟု လူနာများကပြောပါတယ်။

အဆိုပါ ARV ဆေးတွဲတန်ဘိုးသည် တလစာ ရောဂါပထမအဆင့် ၂၅,၀၀၀/၃၀,၀၀၀ ကျပ်၊ ဒုတိယအဆင့် ၅၀,၀၀၀ ကျပ်ခန့်ရှိပြီး ပြည်တွင်းကုမ္ပဏီလေးငါးခုအပြင် ဆေးဆိုင်တိုင်း၌ လိုသမျှဝယ်ယူရရှိနိုင်ကြောင်း သိရပါတယ်။

# သတင်းတိုထွေ ဖတ်စရာကဏ္ဍ

ကျော်စိံကွေး



## နအဖပိုလ်မှူးချုပ်တဦးကျဆုံး

ကေအဲန်ယူနဲ့ နအဖစစ်တပ်အကြားဖြစ်ပွားတဲ့ တိုက်ပွဲတပွဲမှာ နအဖပိုလ်မှူးချုပ်တဦးဖြစ်တဲ့ ကောင်းမြတ်ဟာ ကျဆုံးသွားပြီး မြှုပ်နှံလိုက်ပြီလို့ ကေအဲန်ယူ အရာရှိကြီးတဦးက ပြောပါတယ်။ ဗိုလ်မှူးချုပ်ကောင်းမြတ်ဟာ သံတောင်အခြေစိုက်စစ်ဆင်ရေးကွပ်ကဲရေးအဖွဲ့ ၅ ရဲ့ တပ်မှူးဖြစ်တယ်လို့ သိရပါတယ်။ (MIZZIMA, 13.5.2009)

## မြောက်ကိုရီးယားနဲ့ဆက်ဆံရေးတိုးချဲ့

စစ်အာဏာရှင်နအဖဟာ နောက်ထပ်အာဏာရှင်နိုင်ငံတနိုင်ငံဖြစ်တဲ့ မြောက်ကိုရီးယားနဲ့ဆက်ဆံရေးကို တိုးချဲ့လုပ်ကိုင်နေတယ်လို့ သိရပါတယ်။ မြောက်ကိုရီးယားက အားကာအဖွဲ့တဖွဲ့ရောက်လာတာကို ဝန်ကြီးချုပ်သိန်းစိန်ကိုယ်တိုင်အားပါးတရကြိုဆိုနေတဲ့ပုံကို သတင်းစာမျက်နှာဖုံးသတင်း အဖြစ် ခမ်းခမ်းနားနားဖော်ပြထားပါတယ်။ (MIZZIMA, 13.5.2009)

## ကုလငွေမရှိ နာဂစ်ဒုက္ခသည်မပြေလည်

နာဂစ်မုန်တိုင်းဒုက္ခသည်တွေကို ကူညီထောက်ပံ့ရေးလုပ်ငန်းတွေအတွက် ကုလသမဂ္ဂမှာငွေကြေး လျော့နည်းပြတ်လပ်လာနေတဲ့အတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းတွေ အခက်တွေ့နေရတယ်လို့ သိရပါတယ်။ အခုလောလောဆယ် မိုးမကျမီ ဒုက္ခသည်တွေ မိုးလေလုံခြုံဖို့ အမိုးအကာအောက်မှာနေနိုင်ဖို့ အကူအညီ ဒေါ်လာ ၁၀ သန်းလောက်လိုအပ်နေတယ်လို့ သိရပါတယ်။
(EARTH TIMES, 12.5.2009)

## လုံးဝမကြေနပ်ဘူး

ဒေါ်အောင်ဆန်းစုကြည်ကို အခုလို မတရားသဖြင့် အမှုဆင်ပြီး ထပ်မံချုပ်နှောင်ထားလိုတဲ့ နအဖစစ်ဗိုလ် ဂျပိုသူခိုးတွေရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ဉာဏ်နိဉာဏ်နက်ကို လုံးဝမကြေနပ်ဘူးဆိုတာ ပြည်သူလူထုကြားမှာ ပွပွစိစိဖြစ်နေပါတယ်။

ပြည်သူလူထုက ချစ်ခင်ယုံကြည်လေးစားရတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလို မတရားသဖြင့် ဖမ်းဆီးထောင်ချထားတဲ့ကိစ္စကို ယဉ်ကျေးတဲ့ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းကလည်း လုံးဝမကြေနပ်ဘူးဆိုတာ ကျယ်ကျယ်လောင်လောင်အသံတွေထွက်နေတာပါ။ ဒါကို နအဖ လူ့တိရစ္ဆာန်ဗိုလ်ချုပ်တွေက မျက်ကမ်းတောတိုး ဆက်ပြီး မိုက်တွင်းနက်နေမယ်ဆိုရင်တော့ ကိုယ့်သေတွင်း ကိုယ်တူး၊ ကိုယ့်အခေါင်း ကိုယ်ထမ်းဆင်းရတော့မယ်ဆိုတာကို သတိပေးလိုက်သည်။ ( VOB, 15.5.2009)

## အင်းစိန်ထောင်တဝိုက်လုံခြုံရေး

စစ်အာဏာရှင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တွင် တရားစွဲတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီးလူထုကြားမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတာမို့ အင်းစိန်ထောင်တဝိုက်မှာ မီးသတ်၊ ကြံ့ဖွံ့၊ စွမ်းအားရှင် စတဲ့ နအဖလက်ကိုင်တုတ်တွေ ခြေရှုပ်နေကြတယ်လို့ သိရပါတယ်။ (IRRAWADDY, 15.5.2009)

## ပင်လယ်ကမ်းခြေဟိုတယ်များပိတ်မည်

မြန်မာနိုင်ငံမှာ ပုံမှန်မဟုတ်တဲ့ရာသီဥတုတွေ ကျရောက်လာဖို့ရာရှိတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ပင်လယ်ကမ်းခြေအပန်းဖြေဟိုတယ်တွေဟာ ပိတ်နေကြပြီလို့ သိရပါတယ်။ မိုးလေဝသဌာနက ဆိုင်ကလုန်းမုန်တိုင်းတွေဟာ လာမယ့် လကစပြီး ပိုပြီးတော့ ကျရောက်လာဖို့ရာရှိတယ်လို့ ခန့်မှန်းထားပါတယ်။ (XINHUA, 14.5.2009)

## ရေပိုင်နက်အငြင်းပွားမှု

ဘင်္ဂလားဒေ့ရှ်က မြန်မာနိုင်ငံနဲ့ဖြစ်ပွားနေတဲ့ ရေပိုင်နက်အငြင်းပွားမှုကို ကုလသမဂ္ဂသို့တင်သွင်းအဆုံးအဖြတ်ခံဖို့ လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ မြန်မာစစ်အာဏာပိုင်တွေရဲ့ ရေပိုင်နက်သတ်မှတ်ချက်ကို ဘင်္ဂလားဒေ့ရှ်က ကန့်ကွက်မှုတွေလုပ်ခဲ့ပါတယ်၊ ဒါနဲ့မရှေးမနှောင်းမှာပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံကိုသွားတယ်ဆိုတဲ့သတင်းလည်းထွက်ပေါ်လာခဲ့ပါ တယ်။ (BERNAMa, 13.5.2009)

## အမြတ်ထုတ်တဲ့လုပ်ရပ်

ဒေါ်စုရဲ့နေအိမ်ထဲကို နိုင်ငံခြားသားတဦးဝင်ရောက်တယ်ဆိုတဲ့သတင်းကို နအဖကထုတ်ပြန်ကြေညာခဲ့ပြီးတဲ့နောက် သူ့ရဲ့လက်ပါးစေတွေဟာ ဒီကိစ္စကို နည်းမျိုးစုံနဲ့ အကျယ်ချဲ့ပြစ်တင်ဝေဖန်တာတွေလုပ်နေပါတယ်။ နအဖ လက်ကိုင်တုတ်တဦးဖြစ်တဲ့ ဂဇကျောင်းသားခေါင်းဆောင်ဟောင်းအေးလွင်က ဒေါ်စု ရဲ့အပြစ်လို့ပြောသလို နအဖလိုလားတဲ့ အင်တာနက်စာမျက်နှာတွေကလည်း ဒေါ်စုအပေါ် အပြစ်တင်ပြောဆိုတာတွေလုပ်နေတယ်လို့ သိရပါတယ်။
(IRRAWADDY,, VOB, 13.5.2009)

## ကူညီပေးသူများအတွက်ဗီဇာနှောင့်နှေး

ကုလသမဂ္ဂရဲ့ကိုယ်စားလှယ်အဖြစ်နဲ့ မြန်မာပြည်မှာတာဝန်ထမ်းဆောင်နေတဲ့ကိုယ်စားလှယ်က မြန်မာစစ်အစိုးရဟာ နိုင်ငံခြားသားကူညီစောင့်ရှောက်ရေးလုပ်သားများကို ဗီဇာထုတ်ပေးတာတွေ နှောင့်နှေးကြန့်ကြာနေတဲ့အတွက် မုတ်သုန်ရာသီမဝင်မီမှာ မနှစ်က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့သူတွေကို လိုအပ်တာတွေကူညီပေးရေးကိစ္စအခက်တွေ့နေရတယ်လို့ ဆိုလိုက်ပါတယ်။
(STRAITS TIME, 12.5.2009)

## မြန်မာပြည်နဲ့မဆက်ဆံလိုတဲ့ကုမ္ပဏီ

ဩစတြေးလျားက အကြီးဆုံးအင်ဂျင်နီယာကုမ္ပဏီတခုဖြစ်တဲ့ Downer EDI ဟာ စင်္ကာပူအခြေစိုက်သူ့ရဲ့လက်အောက်ခံကုမ္ပဏီ CPG ဟာ မြန်မာပြည်က နေပြည်တော်လေဆိပ်အတွက် ဒီဇိုင်းရေးဆွဲရေးမှာလုပ်ကိုင်နေတာကို သိခဲ့ရပြီးတဲ့နောက် CPG နဲ့ အဆက်ဖြတ်ဖို့ ဆုံးဖြတ်လိုက်ပြီလို့ သိရပါတယ်။ (DVB, 13.5.2009)

# ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး အဖြစ်များနေ

**DVB | မေ ၁၁။** ။ ရောဝတီတိုင်း ဟင်္သာတမြို့နယ်မှာ ကလေးငယ်တွေ ဝမ်းပျက်ဝမ်းလျှောနဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေပြီး မြို့နယ်ပြည်သူ့ဆေးရုံမှာတောင် နေရာမဆန့်ဖြစ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အသက် ၇ နှစ်အောက် ကလေးငယ် အတော်တော်များများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေတာပါ။ ဖြစ်ပွားမှုများလွန်းလို့ မြို့နယ်ပြည်သူ့ဆေးရုံက ကလေးအဆောင်မှာ နေရာမဆန့်တဲ့ အခြေအနေအထိ ဖြစ်နေတယ်လို့ ဆေးရုံကို သွားခဲ့တဲ့ မြို့ခံတဦးက ပြောပါတယ်။

“ဆေးရုံတင်ထားတာ လူနာကအများကြီးပဲ။ ဆေးရုံမှာ နေစရာမရှိတော့ ထိုင်ခုံတွေကို နှစ်ခုံဆက်၊ ကုတင်ပုံစံမျိုးလုပ်ပြီး ထားနေရတယ်။ လာတက်တဲ့ အထဲမှာ နယ်တွေကလည်းပါတယ်၊ မြို့ပေါ်ကလည်း ပါတယ်။ ကုတင်ပေါ်မှာရော၊ ဘေးမှာရော၊ အောက်မှာရော ကလေးလူနာတွေက တရာကျော်လောက်ရှိတယ်။ နယ်ကနေ အချိန်လွန်မှရောက်လာတဲ့ ကလေးနှစ်ယောက်တော့ ဆုံးသွားတယ်၊ ဆေးရုံကလည်း ကုတင်လှူနိုင်ရင် လှူပါဆိုပြီး အလှူခံနေတယ်၊ ဒီလောက် အရမ်းဖြစ်နေတဲ့အချိန်မှာ ကာကွယ်ဆေးမရှိတော့ ခြင်မပေါက်အောင် ဆေးဖြန်းတာတွေဘာတွေ လုပ်စေချင်တာပေါ့။”

ရပ်ကွက်ဆေးခန်းတွေမှာလည်း ကလေးတော်တော်များများ လာရောက်ပြသနေတာ တွေ့ရတယ်လို့ ဥယျာဉ်မြောက်ရပ်ကွက် ဒေသခံတဦးက ပြောပါတယ်။ ရုံးကြီးရပ်ကွက်မှာတော့ သွေးလွန်တုပ်ကွေးဖြစ်ပွားတာထက် ဝမ်းပျက်ဝမ်းလျှောနဲ့ ဝက်သက်ပေါက်နေကြတယ်လို့ ဒေသခံတဦးက ပြောပြပါတယ်။

“သွေးလွန်တုပ်ကွေးတော့မကြားဘူး။ ဝက်သက်တွေပေါက်တာတော့ တွေ့တယ်။ သွေးလွန်တုပ်ကွေးထင်လို့ မိဘတွေက ဆေးခန်းပြကြတယ်။ ဒါပေမယ့် လူကြီးတွေရောဘာရော ဝမ်းတွေကတော့ သွားကြတာပဲ။ တခါတလေကျရင် အရမ်းသွားလွန်းတော့ ရေအတိုင်းတောင် သွားတာ။ အိမ်မှာဆိုရင် ၅ ယောက်မှာ ၃ ယောက်လောက်က အဲလိုဖြစ်ပြီးသွားပြီ။”

အခုလို ရောဂါဖြစ်ပွားမှုအခြေအနေတွေနဲ့ ပတ်သက်လို့ ဟင်္သာတမြို့နယ်ပြည်သူ့ဆေးရုံကြီးကို မေးမြန်းရာမှာ ကလေးဆောင် တာဝန်ကျ ဆရာမတဦးက အခြေအနေကိုသိချင်ရင် ဆေးရုံအုပ်ကြီးကိုမေးပါဆိုပြီး ဖုန်းနံပတ် ပေးပါတယ်။ အဲဒီနံပါတ်ကို ဆက်သွယ်ပေမယ့် ဖုန်းကိုင်သူက ဆေးရုံအုပ်ကြီး မရှိဘူး၊ အပြင်သွားတယ်လို့သာ ဖြေဆိုပါတယ်။ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှောမှုတွေဖြစ်ပွားနေပေမယ့် သက်ဆိုင်ရာ မယကနဲ့ ရယကတွေက ပညာပေးကာကွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်တာမရှိဘူးလို့ ဒေသခံတွေက ပြောပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဟင်္သာတမြို့ မယကရုံးကို မေးမြန်းရာမှာ တာဝန်ကျဝန်ထမ်းတဦးက မယက ဥက္ကဋ္ဌမရှိကြောင်း၊ သူတို့အနေနဲ့ ပြောပိုင်ခွင့်မရှိကြောင်းနဲ့ ကျန်းမာရေးဌာနကိုသာ မေးမြန်းဖို့ဖြေဆိုပါတယ်။

# အာဏာပိုင် အသိုင်းအဝိုင်းမှ ယာဉ်တိုက်မှုတရားခံကို လူစားထိုး

**DVB | မေလ ၁၁။** ။ ပြီးခဲ့တဲ့ မေ ၅ ရက်နေ့ ည ၁၁ နာရီခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဂျပန်သရုံးအနီးမှာ ယာဉ်တိုက်မှုတခုဖြစ်ပွားခဲ့ပါတယ်၊ ယာဉ်တိုက်မှုကြောင့် တဦး သေဆုံးခဲ့ပြီး တဦးကတော့ အသက်စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေပါတယ်။

လေတပ်အရာရှိကြီးတဦးရဲ့ကားလို့ လူအများစုက ယူဆထားတဲ့ မတ်တူးအဖြူရောင်ကားက ယာဉ်တိုက်မှုကျူးလွန်ခဲ့တာပါ။ ကားက ရန်ကုန်မြို့ စီးတီးစတားဟိုတယ်အောက်ရှိ စတားနက် အင်တာနက်ဆိုင်မှာ အလုပ်လုပ်တဲ့ မဌေးဌေးလှိုင်နဲ့ ဖခင်ဦးမောင်ငြိမ်းတို့ကို အရှိန်ပြင်းပြင်းနဲ့ ဝင်တိုက်ခဲ့တာပါ။ ဦးမောင်ငြိမ်းကတော့ နေရာမှာတင် ကွယ်လွန်ခဲ့ပြီး မဌေးဌေးလှိုင်ကတော့ ဒဏ်ရာပြင်းထန်တာမို့ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနမှာ ဆေးဝါးကုသမှုခံယူနေရပါတယ်။ ဒီအကြောင်းကို မဌေးဌေးလှိုင်နဲ့အလုပ်အတူလုပ်ကိုင်နေသူတဦးက ပြောပါတယ်။

“သူအလုပ်အပြန်မှာ ည ၁၁ ခွဲလောက် သူတို့အိမ်ဝင်ခါနီးမှာတဲ့။ ကျနော်လည်း အတိအကျတော့မသိဘူး။ ပလက်ဖောင်းပေါ်မှာလို့ ပြောတယ်။ တွေ့မိလားဆိုတော့ ကျနော်တို့တော့ မတွေ့လိုက်ရဘူး ဒါပေမယ့် ကလေးမလေးကို ကျနော်တို့ရုံးက သွားကြည့် သေးတယ်။ ဆေးရုံပို့ထားတယ်လို့ ကျနော်တို့သိတယ်။”

ကွယ်လွန်သူ ဦးမောင်ငြိမ်းဟာ အသက် ၅၉ နှစ်ရှိပြီဖြစ်ပြီး အကြီးစားစက်မှုလုပ်ငန်းမှ ဝန်ထမ်းတယောက်ဖြစ်တယ်လို့လည်း သူကပြောပါတယ်။ ကားအရှိန်ပြင်းတာမို့ ဦးမောင်ငြိမ်းဟာ ရုပ်ပျက်ဆင်းပျက်ကို သေဆုံးခဲ့တာလို့ ဈာပနအခမ်းအနားမှာ သူကိုယ်တိုင်မြင်တွေ့ခဲ့ရပုံကိုလဲ အခုလိုပြောပါတယ်။

“အဲ့မှာတော့ ပြင်တော့ ပြင်ထားတာပဲ၊ နည်းနည်းတော့ ပုံပျက်တယ်လို့ ပြောတယ်၊” လောလောဆယ် အရေးပေါ်ဆေးဝါးကုသနေရတဲ့ မဌေးဌေးလှိုင်ရဲ့ အခြေအနေနဲ့ ပတ်သက် ပြီးမဌေးဌေးလှိုင်ရဲ့ ဦးလေးတော်စပ်သူက ပြောပါတယ်။

“ဒီနေ့မှာ ကျနော်တို့ ဒီဆေးရုံအုပ်ကြီးနဲ့ တွေ့ပြီးတော့ သူတို့ဆုံးဖြတ်လိမ့်မယ်။ ဒီနေ့ညနေပိုင်းမှာ ဘာဆက်လုပ်ရမလဲဆိုတာ အသေးစိတ် သိရလိမ့်မယ်။ နာရေးဖြစ်နေတော့ အဲ့ဒီဘက်ခြမ်းကို မရောက်နိုင်သေးဘူး။ အစ်မတွေပဲ သွားတာ။ အစ်မတွေနဲ့ ဖုန်းဆက်သွယ်လို့ မရသေးဘူး။ အဲ့ဒါကိုတော့ စိတ်ပိုင်းဆိုင်ရာ တချက်လောက်ပဲ နည်းနည်းစိုးရိမ်တာ။”

ဒီယာဉ်တိုက်မှုနဲ့ပတ်သက်လို့ ရန်ကုန် ၅၁ လမ်းရှိ ယာဉ်ထိန်းရဲရုံးကို ဆက်သွယ်မေးကြည့်ရာမှာ ယဉ်တိုက်မှုကျူးလွန်သူဟာ အမှတ် ၈၂၊ ခြောက်မိုင်ခွဲရှိ ဆင်ဖြူရှင်ရိပ်သာမှာနေထိုင်တဲ့ လေတပ်က အဆင့်အမြင့်အရာရှိတဦးရဲ့သားဖြစ်တယ်လို့ အမည်မဖေါ်လိုတဲ့ ယာဉ်ထိန်းရဲအရာရှိတဦးက ပြောပါတယ်။ ဒါပေမယ့် အထက်အမိန့်အရဆိုပြီး သားဖြစ်သူအစား တပ်ကြပ်ကြီးတယောက်နဲ့တရားခံကို လဲလှယ်အစားထိုးထားတယ်လို့လည်း အဲဒီယာဉ်ထိန်းရဲအရာရှိက ပြောပါတယ်။

---

**စာမျက်နှာ ၂ မှ**

ညာချက်နဲ့ပတ်သက်ပြီး ပြန်ကြားရေးအဖွဲ့ဝင် နောက်တဦးဖြစ်သူ ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

“ကျနော်တခု နားမလည်တာက အင်းစိန်ထောင်နားက အိမ်မှာလို့ သူတို့က ပြောတယ်။ ကျနော်ကတော့ အင်းစိန်ထောင်မှာ ထားတယ်လို့ပဲ နားလည်ထားတယ်။ အကျယ်ချုပ်ထားတဲ့ကာလ ပြည့်ကာနီးမှာ နည်းလမ်းတခုရှာဖွေစွဲတင်တဲ့သဘောပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က အမှုကို လုံးဝ ကျူးလွန်ရခြင်းမရှိဘူး။ အမေရိကန်နိုင်ငံသားကို လက်ခံတယ်ဆိုတဲ့ကိစ္စက စည်းကမ်းဖောက်ဖျက်တာနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ပြစ်မှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့သူတို့က တရားစွဲတင်တာ” လို့ပြောပါတယ်။

လောလောဆယ်မှာ အဖွဲ့ချုပ်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားတဲ့အပေါ် ကန့်ကွက်ကြောင်း တရားဝင်ကြေညာချက်ထုတ်ထားတာပဲရှိသေးပြီး အစိုးရကို တရားဝင်ပြောဆိုတာမျိုးတွေရှိမရှိဆိုတာနဲ့ပတ်သက်ပြီး မပြောနိုင်သေးကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲမှုအပေါ် ဒီမိုကရေစီအင်အားစုများအမြင်များ

**DVB၊ မေလ ၁၄॥** ॥ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲလိုက်တဲ့အပေါ် ပြည်တွင်းပြည်ပမှာရှိတဲ့ ဒီမိုကရေစီအဖွဲ့အစည်းတွေက ပြစ်တင်ဝေဖန်ကြပါတယ်။ အမေရိကန်နိုင်ငံသား ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲ ခိုးဝင်တဲ့ကိစ္စနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်း စုကြည်မှာ လုံးဝတာဝန်မရှိဘူး၊ ခိုးဝင်တဲ့ အမေရိကန်နိုင်ငံသားနဲ့ လုံခြုံရေးယူ ထားသူတွေမှာသာ တာဝန်ရှိတယ်၊ မလွှတ်ပေးချင်လို့ တမင်အမှုဆင်တာလို့ ပြောကြပါတယ်။

ဦးအေးသာအောင်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) နအဖက ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲလိုက်တာဟာ ပြီးခဲ့တဲ့လကုန်ပိုင်းကမှ အဖွဲ့ချုပ်က တောင်းဆိုထားတဲ့အချက်တွေကို ငြင်းပယ်လိုက်တဲ့သဘောပဲလို့ ဦးအေးသာအောင်က ပြောကြားပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတော်က ထိန်းသိမ်းထားတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တယ်။ အိမ်နဲ့ခြံကိုလည်းပဲ လုံခြုံရေးတွေချထားတယ်၊ ဒီကြားထဲက နိုင်ငံခြားသားတယောက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ခြံထဲကို လျှို့လျှို့ဝှက်ဝှက် ဝင်သွားတယ်ဆိုတော့ ဒေါ်အောင်ဆန်းစု ကြည်မှာ တာဝန်ရှိတယ်လို့ မမြင်ဘူး။ အထူးသဖြင့် လျှို့ဝှက်ပြီးဝင်သွားတဲ့ နိုင်ငံခြားသားနဲ့ ဒီအိမ် နဲ့ ဒီခြံကို လုံခြုံရေးယူထားတဲ့ အဖွဲ့အစည်းမှာပဲ တာဝန်ရှိတယ်။ ခုလို ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲ ပြစ်ဒဏ်တွေချမယ့် အနေအထားတွေ မြင်လာရတာဟာ တိုင်းပြည်မှာ တကယ်လိုလားနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်မယ်ဆိုတဲ့ အခြေအနေဟာ မဖြစ်နိုင်တော့ဘူးလို့ပဲ သုံးသပ်ရတော့မယ်။”

နအဖရဲ့ အခုလုပ်ရပ်ဟာ မှန်ကန်တဲ့ ဖြေရှင်းနည်း မဟုတ်တဲ့အတွက် နိုင်ငံရေးတည်ငြိမ်မှုရနိုင်မှာမဟုတ်သလို တိုင်းပြည်ရဲ့ ရှေ့အလားအလာဟာ ဘယ်လိုမှ ကောင်းလာနိုင်မှာမဟုတ်ဘူးလို့လည်း ဦးအေးသာအောင်က ပြောပါတယ်။ သခင်ချန်ထွန်း(ဝါရင့်နိုင်ငံရေးသမား)ကလည်း အခုလိုသုံးသပ်ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်က လွှတ်လပ်တာမှ မဟုတ်ဘဲ။ သူက အိမ်မှာ ထိန်းသိမ်းခံထားရတာပဲ။ သူ့အိမ်ထဲမှာ နိုင်ငံခြားသားလာတယ် ဝင်တယ်ဆိုရင် ဒါဟာ အစောင့်အရှောက်တွေက တာဝန်မဲ့လို့လာနိုင်တာပေါ့။ သို့မဟုတ်ရင်လည်း သက်သက်အရေးယူနိုင်အောင် အကွက်ဆင်တာလားဆိုတာလည်း စဉ်းစားစရာဖြစ်လာတာပေါ့။ “သူ့ကိုအပြင်ထွက်ပြီး စည်းရုံးခွင့်ပေးရင် သူဟောတဲ့ တရားပွဲမှာ၊ သူသွားလေရာ အနောက်မှာ လူအုပ်ကြီးက လိုက်နေတာ။ သူဟောတဲ့တရားပွဲမှာ လူအုပ်ကြီးက လာပြီး နားထောင်အားပေးနေတာ။ ဒါမျိုးတွေက သူ တယောက်ပဲ ရှိတာပဲ။ အဲ့တော့ တခုမဟုတ် တခုနဲ့ ဆက်ပြီးချုပ်နိုင်အောင်၊ ဖန်တီးထားနိုင်အောင် ရဲအဖွဲ့အနေနဲ့ တတ်နိုင်သလောက် ကြိုးစားကြမှာပဲလေ။”

ဒေါက်တာစိန်ဝင်း (ဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ)က သူ့အမြင်ကို အခုလိုပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို ဒီလအတွင်း နေအိမ်အကျယ်ချုပ်ကနေ လွှတ်ရတော့မှာဖြစ်လို့ မလွှတ်ချင်တာကြောင့် အာဏာပိုင်တွေက အပြစ်ရှာတာပဲ၊ ကျနော်တို့မြင်တာက မေလ ၂၇ ရက်နေ့မှာ လွှတ်ကို လွှတ်ရမယ်။ မလွှတ်ချင်တဲ့အတွက် အမျိုးမျိုးသောအကြောင်းပြချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်ရှာတာပဲ။ တကယ်တမ်းဆိုရင် သူတို့ ထောက်လှမ်းရေးကို ဖမ်းရမယ်၊ အရေးယူရမယ်။ ဒီပဲယင်းဖြစ်တုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကားတန်းကို တိုက်ခိုက်တဲ့လူတွေ တယောက်မှ အရေးမယူဘူး။ တယောက်မှ အသံမထွက်လာဘူး။ ဒါဟာ အစီအစဉ်ရှိရှိနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ဘဲ ဆက်အရေးယူချင်လို့လုပ်တဲ့ လုပ်ရပ်လို့ ကျနော် ဒီအတိုင်းပဲမှန်မှန်ကန်ကန်မြင်ပါတယ်။”

ဦးညိုအုန်းမြင့် (နိုင်ငံခြားရေးတာဝန်ခံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွှတ်မြောက်နယ်မြေ)ကလည်း အခုလိုသုံးသပ်ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ အမှုဆင်တရားစွဲလိုက်တဲ့အပေါ် ကန့်ကွက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွှတ်မြောက်နယ်မြေ) က ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲလိုက်တဲ့အတွက် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတကာက လက်ခံထားတာတွေ ပျက်ပြယ်သွားပြီလို့ ယုံကြည်ရတာကြောင့် မနက်ဖြန်မှာ အာဆီယံနိုင်ငံတွေက သံတမန်တွေနဲ့ တွေ့ဆုံပြီး ဒီကိစ္စ ဆွေးနွေးရှိတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမယ်ဆိုရင် နအဖအတွက် နိုင်ငံရေးအရ အန်အယ်လ်ဒီနဲ့ တွေ့ဆုံဆွေးနွေးရတော့မယ်။ ၂၀၁၀ အတွက်ကို သမာသမတ်ကျကျလုပ်ရတော့မယ်ဆိုတဲ့အပေါ်မှာ ပြည်သူတွေက နအဖအပေါ် ဘယ်လိုမှ လက်မခံဘူးဆိုတာ သူတို့သိပါတယ်။ ဒီအတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်နိုင်ငံသားတဦး ဒီအိမ်ထဲခိုးဝင်တဲ့အမှုကို ဒေါ်အောင်ဆန်းစုကြည် လက်မခံဘဲနဲ့၊ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကကို ဓားစာခံအဖြစ် အိမ်အပေါ်ထပ်မှာ ကျန်းမာရေးလည်း မကောင်းတဲ့အနေအထားမှာ နေရတဲ့ဟာကို တမင်သက်သက် ပြစ်မှုဆင်ပြီးတော့၊ ထပ်ပြီး ဖမ်းပြီးတော့ ထောင်ချဖို့ကြိုးစားနေတဲ့ နအဖရဲ့လုပ်ရပ်က ကျနော်ထင်ပါတယ်၊ ဒါက တော်ရုံတန်ရုံ လူသားချင်းနားလည်တဲ့ လူတယောက်ဆိုရင် ဒီလိုလုပ်မယ်လို့ ကျနော်မထင် ပါဘူးခင်ဗျ။”

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင် တရားစွဲလိုက်တာဟာ အဖွဲ့ချုပ်ရဲ့ တောင်းဆိုချက်တွေကို လျစ်လျူရှုငြင်းပယ်လိုက်တာပဲလို့ ဒေါက်တာနိုင်အောင် (အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု)က ဝေဖန်သုံးသပ်ပြီး ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး အားလုံးဝန်းရံကြဖို့ အရေးတကြီးလိုအပ်နေပြီလို့ ပြောကြားပါတယ်။

“အဓိက ကတော့ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ မီးရှူးတန်ဆောင်ဖြစ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဒီလိုမျိုး ဥပဒေမဲ့ တရားလက်လွှတ် လုပ်ခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်နောက်မှာရှိနေတဲ့ ထောက်ခံမှုနဲ့ ယုံကြည်မှုတွေအားလုံးကို စိန်ခေါ် လိုက်တဲ့အနေအထားလို့ယူဆပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းပြည်ပ နိုင်ငံတကာအင်အားစုတွေအားလုံးက ဒေါ်အောင်ဆန်းစုကြည်နောက်မှာ ကျနော်တို့ ရှိနေတယ်ဆိုတာကို ကျနော်တို့ စုစုရုံးရုံးနဲ့ဝိုင်းဝန်းပြီးတော့မှ အင်အားပြသကြဖို့၊ စွမ်းဆောင်ကြဖို့ အချိန်ရောက်နေပြီ။ ကျနော်တို့ ဒီလိုလုပ်မှသာလျှင် ကျနော်တို့ ခေါင်းဆောင်အပါအဝင် ကျနော်တို့ ရည်မှန်းချက်တွေကို ကန့်သတ်တာတွေအားလုံး လွှတ်မြောက်မယ်လို့ ယူဆပါတယ်ခင်ဗျ။”

ကမ္ဘာ့အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များ ဥရောပသမဂ္ဂ အီးယူနဲ့ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းတို့ကလည်း ဒီလိုဖမ်းဆီးမှုဟာ ဘယ်လိုမှ လက်ခံနိုင်စရာမရှိတဲ့ ကျိုးကြောင်းဆီလျော်မှုမရှိတဲ့လုပ်ရပ်ဖြစ်တယ်၊ ၂၀၁၀ ရွေးကောက်ပွဲကို အယုံအကြည်မရှိ ဖြစ်လာစေနိုင်တယ်လို့ ပြောကြားပါတယ်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနဲ့ လူ့အခွင့်အရေးဝန်ကြီးတို့ကလည်း ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ဒီဖမ်းဆီးမှုကို ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားပါတယ်။ နော်ဝေ၊ အမေရိကန်၊ ဩစတြေးလျားနဲ့ ကမ္ဘာ့နိုင်ငံတချို့ကလည်း ကြေညာချက်တွေ အသီးသီးထုတ်ပြန်ကန့်ကွက်နေကြပါတယ်။ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ အာဆီယံနဲ့ အိမ်နီးချင်း တရုတ်၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတွေဆီက ဘာဝေဖန်ချက်မှ ထွက်မလာသေးပါဘူး။

---

**သတင်းပြက္ခဒိန်မှ**

ပိုဝေးစေနိုင်၍စိတ်ပူကြောင်း စက်ာပူမှဆို၏။ သူမ၏ယိုယွင်းနေသော ကျန်းမာရေးအခြေအနေအတွက်လည်း စိုးရိမ်ကြောင်းဖြင့်ဆို၏။

**မေ ၁၅၊ RSF ॥ ॥** ၁၉၉၀ ဆာခါရော့ဗ်လဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ရန် Sarkharov ဆုရှင်များကွန်အဖွဲ့မှ စုပေါင်းလက်မှတ်ထိုးတောင်းဆို၏။

**မေ ၁၅၊ BP॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား နအဖမှ အမှုထပ်ဆင့်စွဲဆိုမှုအရေးတွင် နှုတ်ဆိတ်နေသူ၊ နှောင့်နှေးနေသူများအား လူ့အခွင့်အရေးအဖွဲ့များမှပစ်တင်၏။ နအဖားအား ပြစ်တင်ရန်နှင့် သူမအားလွှတ်ရန် နအဖအား ဖိအားပေးရန် တိုက်တွန်းကြောင်း။

# လက်နက်တိုက်ဖောက်မှု စစ်ဆေးရာတွင် တပ်ကြပ်ကြီး တဦးသေဆုံး

**DVB၊မေလ ၁၂။** ။ မကွေးတိုင်း ရေစကြိုမြို့ ခလရ ၂၅၆ တပ်ရင်းက လက်နက်ပျောက်ဆုံးမှုနဲ့ပတ်သက်လို့ ဖမ်းဆီးစစ်မေးခံနေရသူတွေထဲက တပ်ကြပ်ကြီးတဦး သေဆုံးသွားတယ်လို့ တပ်နဲ့နီးစပ်သူတွေက ပြောပါတယ်။

သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ စစ်ဆေးမှုကြောင့် လက်လွန်ပြီး သေဆုံးခဲ့ရသူကတော့ ရေစကြို မြို့ခလရ ၂၅၆ တပ်ရင်းက အသက် ၃၅ နှစ် တပ်ကြပ်ကြီး မြင့်စိုးဖြစ်တယ်လို့ စစ်တပ်နဲ့နီးစပ်သူတွေက ပြောပါတယ်။ ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံကို မရောက်ခင်ကတည်းက သေဆုံးနေတာဖြစ်ပြီး လက်သည်းခြေသည်းခွံတွေ အခွာခံထားရသလို တကိုယ်လုံးမှာလည်း ဒဏ်ရာတွေအပြည့်ပဲလို့ ဆေးရုံဝန်ထမ်းတဦးက ပြောပါတယ်။ ဒီလ ၁၀ ရက်နေ့က သေဆုံးခဲ့တာဖြစ်ပြီး အဲဒီနေ့ နေ့လည်ပိုင်းမှာပဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပေမယ့် လက်အောက်ငယ်သားတွေကို အလောင်းနား ကပ်ခွင့်မပေးဘူးလို့ တပ်နဲ့နီး စပ်သူတဦးက ပြောပါတယ်။

“နာရေးကို သွားကြတော့ သူ့လက်အောက်ငယ်သားတွေ လိုက်ပို့ကြတာပေါ့။ တကိုယ်လုံးကို ပတ်တီးတွေ စည်းထားတာ၊ မျက်နှာပဲ ချန်ထားတာကိုး။ ပထမတော့ အကပ်မခံဘူး။ ပတ်ဝန်းကျင် မြင်တဲ့လူတွေက နေပူလှန်းပြီး စစ်တယ်လို့ ပြောတယ်။ ဒဏ်ရာတွေအများကြီးရထားတယ်တဲ့။ တနေကုန် နေပူလှန်းထားပြီး ညနေကျတော့ ရေလောင်းပစ်လိုက်တယ်။ ရေတောင်းတာလည်း ရေငတ်ထားပြီး စစ်တယ်လို့ ပြောတယ်။ နောက် သတိလစ်သွားပြီး ရေစကြိုဆေးရုံကို တင်လိုက်တာ။”

နောက်ထပ် တပ်သားတဦးကိုလဲ ပခုက္ကူဆေးရုံမှာတင်ထားရပြီး စိုးရိမ်ရတဲ့အခြေအနေရှိတယ်လို့ ပြောပါတယ်။ မကျေနပ်တဲ့ တပ်မိသားစုဝင် အယောက် ၃၀ လောက်က ဖမ်းထားသူတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုကြတယ်လို့လည်း ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရေစကြိုမြို့နယ် ခလရ ၂၅၆ တပ်ရင်းကို ဆက်သွယ်ခဲ့ပေမယ့် ပြန်လည်ဖြေကြားခြင်းမရှိပါဘူး။ တပ်နဲ့နီးစပ်သူတွေရဲ့ အပြောအရ လက်နက်တိုက် ဖောက်ထွင်းခံရမှုနဲ့ ပတ်သက်လို့ တပ်တွင်းက အရာရှိ အရာခံအကြပ်တပ်သား ၂၀ လောက်ကို ဖမ်းဆီးစစ်မေးနေတယ်လို့ သိရပါတယ်။ ဒီလ ၄ ရက်နေ့ညက လက်နက်တိုက်ဖောက်ထွင်းခံခဲ့ရပြီး လက်နက်တချို့နဲ့ ကျည်ဆံတွေပျောက်ဆုံးခဲ့တာပါ။

အဲဒီနောက် မန္တလေးတိုင်း ရမည်းသင်း မြို့နယ်မှာ ၆ ရက်နေ့ နေ့လည်ပိုင်းက ရွှေဆိုင်လုယက်ခံခဲ့ရပြီး တဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်၊ အဲဒီ ရွှေဆိုင်လုယက်မှုမှာ ရေစကြိုစစ်လက်နက်တိုက်က ပျောက်ဆုံးသွားတဲ့ သေနတ်တွေကို အသုံးပြုခဲ့တယ်လို့လည်း ဒေသခံအာဏာပိုင်တွေက ပြောပါတယ်။ ရွှေဆိုင်လုယက်ခဲ့သူ ၃ ဦးထဲက ၂ ဦးကို ဖမ်းဆီးထားပြီး စစ်မေးနေပေမယ့် သူတို့ ၂ ဦးဟာ ရမည်းသင်းမြို့က ရိုးရိုးသာ မန်အရပ်သားတွေဖြစ်ပါတယ်။ လက်နက်တိုက်ဖောက်ထွင်းခံရမှုနဲ့ပတ်သက်လို့ အခုအချိန်အထိ တရားခံဘယ်သူဆိုတာ မသိရပေမယ့် ဖောက်ထွင်းမှုမှာ တပ်တွင်းကလူတွေ မပါဘဲ မအောင်မြင်နိုင်ဘူးလို့ ဒေသခံတွေက သုံးသပ်ပြောဆိုနေကြပါတယ်။

# တွံတေးမြို့ အဖွဲ့ချုပ်ဝင်ရဲ့ ရုံးထုတ် ဒေသခံ ၃၀ ကျော် သွားရောက်အားပေး

**DVB၊မေလ ၁၃။** ။ သာသနာ့ညှိုးနွမ်းစေမှုနဲ့ ဖမ်းဆီးတရားစွဲဆိုခံထားရတဲ့ တွံတေးမြို့နယ်အဖွဲ့ချုပ်ဝင်နှစ်ဦးရဲ့ဒီနေ့ရုံးထုတ်တာကို ဒေသခံပြည်သူ ၃၀ ကျော် သွားရောက်ကြားနာ အားပေးရာမှာ အဏာပိုင်တွေက ပိတ်ပင်တားဆီးခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ ဖက်တရာဘုရားမှာ ဝတ်ပြုဆုတောင်းလို့ ပြီးခဲ့တဲ့ ဧပြီလ ၂၁ ရက်နေ့က ဖမ်းဆီးခံခဲ့ရတဲ့ တွံတေးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးချစ်ဖေနဲ့ မြို့နယ်စည်းရုံးရေးမှူး ကိုအောင်စိုးဝေတို့ကို ဒီနေ့ ထပ်မံ ရုံးထုတ်တာဖြစ်ပါတယ်။ ဒီနေ့မနက် သူတို့ရုံးထုတ်ကို ကြားနာအားပေးဖို့ ဒေသခံပြည်သူ ၃၀ ကျော် တွံတေးမြို့တရားရုံးကို ဒီမနက် ၁၁ နာရီကျော်က သွားရောက်ခဲ့ပါတယ်။ ကိုအောင်စိုးဝေနဲ့ ဦးချစ်ဖေတို့ကို စစ်ဆေးနေချိန်မှာ အဲဒီ ဒေသခံ ၃၀ ကျော်ကို ရဲတွေက တရားရုံးရှေ့မှာ တယောက်မှမနေရဘူးဆိုပြီး မောင်းထုတ်ခဲ့တာပါ။ မောင်းထုတ်တဲ့အတွက် ဒေသခံတွေက တရားသူကြီးကို အကြောင်းကြားခဲ့ပေမယ့် တရားသူကြီးဦးအေးကိုကိုက လုံခြုံရေးအတွက် ရဲတွေ ဒီလိုလုပ်ရခြင်းကြောင်း ပြန်လည်ပြောကြားခဲ့တယ်လို့ ကိုယ်တိုင်သွားရောက်ကြားနာသူ မြို့နယ်စည်းအဖွဲ့ဝင် တွဲဘက်အတွင်းရေးမှူး ကိုဇော်မင်းထွန်းက ပြောပါတယ်။

“အများပြည်သူကြားနာနိုင်ရန် တရားရေးမှာ ပြဌာန်းထားတဲ့အတွက် လာရောက်ပြီး ကြားနာတဲ့အခါမှာ နားထောင်တဲ့လူတွေကို ဒုရဲအုပ်မျိုးသူနဲ့အဖွဲ့က အဓမ္မမောင်းထုတ်တဲ့အတွက် ပြည်သူလူထုက လုံးဝ မကျေနပ်ဘူး။”

ဒီနေ့မှာ တရားလိုပြသက်သေဖြစ်တဲ့ ရဝတအဖွဲ့ဝင် ဦးကျော်ရွှေနဲ့ ဦးဝင်းမြင့် (ခေါ်) ကိုအေးမြင့်ကို စစ်ဆေးပါတယ်။ ဦးကျော်ရွှေကိုစစ်ဆေးပြီး ခဏနားနေတဲ့အချိန်မှာ ဒေသခံတွေက ကိုအောင်စိုးဝေတို့ကို ထမင်းထုတ် တွေပေးပေမယ့် သူတို့ မစားရဘူးလို့ သူတို့ရဲ့ အကျိုးဆောင်ရှေ့နေဦးကျင်တိုးက ပြောပါတယ်။

“နားတဲ့အခါမှာ ကျနော်တို့က ထမင်းကျွေးဖို့ လုပ်ပြီးပေးတယ်။ ပြန်ပြီးတော့ နောက်တယောက်စစ်ဖို့ ခေါ်ထုတ်လာတဲ့အခါကျတော့ အဲ့ဒီလူက ထမင်းမစားရဘူးတဲ့။ ရှေ့နေနဲ့ တရားခံတွေ တွေ့ဆုံခွင့်မရဘူး။ ရဲစခန်းမှာရော၊ တရားရုံးမှာရော၊ အချုပ်ခန်းမှာပါ တွေ့ခွင့်မရဘူး။ တရား စစ်တော့မှတွေ့ရတယ်။ တွေ့တဲ့အခါ ကျနော်တို့က ဘာဖြစ်လို့ ထမင်းမစားရတာလဲဆိုတော့ သူတို့ကို အချုပ်ခန်းထဲမှာထားတဲ့အထိ လက်ထိပ်တွေ ခတ်ထားတယ်တဲ့။ ဦးချစ်ဖေက ညာဘက်လက်၊ ကိုအောင်စိုးဝေက ဘယ်ဘက်လက် အဲ့လိုချုပ်ထားပြီး ထမင်းထုပ်ပေးတဲ့အခါမှာ မမှီမကမ်းလှမ်းပေးပြီး ပုတ်ချလိုက်တော့ ထမင်းထုပ်ကျသွားတယ်။ ကျန်တဲ့ တထုပ်ကို စားတော့ ကိုချစ်ဖေက ဘယ်ဘက်လက်၊ ကိုအောင်စိုးဝေက ညာဘက်လက်နဲ့ဆိုတော့ စားလို့ အဆင်မပြေဘူး။ အဲ့လိုစားနေတုန်းမှာ ရုံးက ခေါ်နေပြီဆိုပြီး အတင်းဆွဲခေါ်ထုတ်လာတယ်တဲ့။”

စစ်ဆေးပြီးတာနဲ့ ကိုအောင်စိုးဝေနဲ့ ဦးချစ်ဖေတို့ကို ထမင်းကျွေးခွင့်မရသလို တွေ့ဆုံခွင့်ပေးဘဲ ချက်ချင်းခေါ်ထုတ်ခဲ့မယ်လို့ ဦးကျင်တိုးက ပြောပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ သွားရောက်ကြားနာတဲ့ဒေသခံတွေက မကျေနပ်လို တရားသူကြီး ဦးအေးကိုကိုကို သွားပြောတဲ့အခါ တရားသူကြီးက ဒီကိစ္စသူ့နဲ့မဆိုင်တဲ့ အတွက်လုံခြုံရေးနဲ့ ပတ်သက်တဲ့ သူတွေကို သွားပြောပါလို့ ပြောတဲ့အတွက် ဦးကျင်တိုးနဲ့အတူ ဒေသခံတွေက မြို့နယ်ရဲမှူးနဲ့တွေ့ဖို့ သွားခဲ့ရာ မြို့နယ်ရဲမှူးက အတွေ့မခံခဲ့ဘူးလို ဦးကျင်တိုးက ပြောပါတယ်။ တွေ့ခွင့်မရတဲ့အတွက် ကိုအောင်စိုးဝေတို့ကို တင်သွားမယ့်ကားကို လူအုပ်နဲ့ ဝိုင်းပြီး စားစရာတွေ ပေးခဲ့ရတယ်လို့ သူကပြောပါတယ်။

ဒီလ ၇ ရက်နေ့တုန်းက အိမ်တွင်းခြံထဲမှာ ခဲစာရွက်တွေ့တယ်ဆိုပြီး ဖမ်းဆီးခဲ့ရတဲ့ အဖွဲ့ချုပ် တွံတေးမြို့နယ် လူငယ်တာဝန်ခံ ၁ ကိုရဲထွတ်ခေါင်ကိုလည်း မိသားစုဝင်တွေ အခုထိတွေ့ခွင့်မရတဲ့အတွက် အထူးစိုးရိမ်နေရတယ်လို့ ဇနီးဖြစ်သူ မမေမျိုးစုက ပြောပါတယ်။

“စားဖို့ သွားပေးတဲ့အခါမှာ ရဲစခန်းထဲကို ဝင်ခွင့်မရတဲ့အပြင် ကတ္တရာလမ်းမပေါ်အထိ ဆင်းနေဆိုတာမျိုး ကျမတို့ မောင်းချခံရတယ်။ ထမင်းထုပ်သွားပို့တဲ့အခါမှာလည်း ထမင်းထုပ်ထဲကို လက်တွေနဲ့ နှိုက်ပြီး ရှာဖွေ နယ်ဖတ်နေတော့ ထမင်းထုပ်က စားမယ့်အခါကျတော့ သိုးတဲ့ အနေထားမျိုးတွေမှာ ရှိတယ်လေ။ အဲ့ဒါကို ကိုယ်တိုင်ပဲ မြင်တွေ့ရတယ်။ သူတို့ပို့လား၊ မပို့လားမသိဘူး။ ကျမ ယောကျ်ား ကျန်းမာရေးမကောင်းဘူးဆိုတာတွေလည်း ကြားတယ်၊ အရမ်းစိတ်ပူတာပေါ့။”

သူ့ကို လာမယ့် ၂၁ ရက်နေ့မှာ ရုံးထုတ်မှာဖြစ်ပေမယ့် ဘယ်ပုံစံမျိုးနဲ့ ထုတ်ပြီး ဘယ်လိုတရားစွဲမယ်ဆိုတာ မသိရသေးဘူးလို့ မေမျိုးစုက ပြောပါတယ်။

# မိုးမိတ်ဒေသခံတွေ ကျွန်းစိုက်ပျိုးရေးမှာ အဓမ္မလုပ်အားပေးလုပ်နေရ

**DVB၊ မေ ၁၃။** ။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်မှာ အဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ရှိနေပါတယ်။ မိုးမိတ်မြို့နယ် သီရိဘက်စုံကျွန်းစိုက်ပျိုးရေးစီမံကိန်းမှာ ကျေးရွာတွေ အလှည့်ကျ လုပ်အားပေးနေရတာ ဖြစ်ပါတယ်။

မြို့နယ်မယကနဲ့ ဗျူဟာမှူးရဲ့ခိုင်းစေချက်အရ လုပ်ပေးနေရတာဖြစ်ပြီး ပျက်ကွက်ရင် ဒဏ်ငွေအရိုက်ခံရတယ်လို့လည်း သေခံရွာသားတွေက ပြောပါတယ်၊ သစ်ဆိပ်ကုန်းအုပ်စုက ပေကုန်းရွာ၊ နဘူးရွာ၊ ကင်းချောင်းရွာ၊ လာဟူးရွာတွေအပါအဝင် ရွာတွေအားလုံး အဓမ္မလုပ်အားပေး လုပ်နေရတာ နှစ်နဲ့ချီနေပြီလို့ ပေကုန်းရွာ သားတဦးက ပြောပါတယ်။

"သီရိဘက်စုံကျွန်းစိုက်ခင်းဆိုတာ ဗိုလ်ချုပ်အုန်းမြင့်ရဲ့ညီမ ပိုင်တာ။ အဲဒီမှာ မိုးမိတ်မြို့နယ်ဗျူဟာမှူး ဦးခင်မောင်မော်နဲ့ မိုးမိတ်မြို့နယ် မယကဥက္ကဋ္ဌတွေကနေ ကျနော်တို့ လုပ်သားပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးခိုင်းနေတဲ့အပြင်မှာ တောရှင်းခုတ်ခကို ၁ ကေကို ဖ သောင်းလောက်တန်တယ်၊ အခုဟာ တပြားမှမရဘူး။ တောရှင်းများကို သတ်မှတ်ပြီးတော့မှ ကေ ၅၀ မဖြစ်မနေ ခုတ်နေရတယ်။"

"၂၀၀၇ တနှစ်ထဲမှာတင် ကေ ၅၀ ပြီးအောင် ခုတ်ခဲ့ရတာ အခု ၂၀၀၈ မှာလည်း ဆက်ခုတ်တာ ပြီးသွားပြီ။ အခကြေးငွေ တပြားမှကိုမရဘူး။ ကိုယ့်ထမင်းချိုင့်နဲ့ကိုယ်ယူပြီးတော့ အလုပ်လုပ်ရတာ မကျေနပ်လို့ မတင်ပြရဲဘူး။ ဒီမိုးမိတ်မြို့နယ်က တပ်နယ်မြေကိုး။ လူတွေက ကိုယ့်အလုပ်တွေကို မလုပ်ရဘဲ ဒါတွေချည်း လုပ်နေရတဲ့အခါမှာ အင်မတန်ကို စိတ်ပျက်နေတာပေ့ါ။"

နောက်ထပ် နဘူးရွာဒေသခံတဦးကလည်း ရွာနဲ့ ငါးမိုင်လောက်ဝေးတဲ့ အဲဒီနေရာကို ကိုယ့်ထမင်းထုပ်နဲ့ကိုယ် လုပ်အားပေးသွားရတဲ့အတွက် မလုပ်ချင်ဘူးလို့ ပြောပါတယ်။

"ရှင်းရှင်းပြောရင်တော့ လုပ်ကို မပေးချင်တာ။ ဘာမှပြန်ပြောပိုင်ခွင့် မရှိတော့ လုပ်ပေးရတာပါပဲ။ ၅ မိုင်ကျော်ကျော်လောက်ဝေးတာကို စက်ဘီးနဲ့ သွားတယ်။ တခါတလေတော့လည်း ခြေလျင်သွားရတယ်ပေ့ါ။ လမ်းလျှောက်ရတာနဲ့ ဟို ရောက်တော့အလုပ်လုပ်ရတာနဲ့ နည်းနည်းတော့ ပန်းတာပေ့ါ။ ပေါင်းထွင်တာတို့၊ သူတို့ကို ကျွန်းပြန်စိုက်ပေးရတာပါပဲ။ မနက်သွားညနေပြန်ရတာ။ မနက်စောစော ထမင်းတွေ ဘာတွေ ထချက်ပြီး ထမင်းထုတ်နဲ့သွားရတာ။ အမိန့်နဲ့ ခိုင်းသလိုဆိုတော့ ဘာမှ ပြောပိုင်ခွင့်မရှိဘူး၊ ဘယ်သူ့မှလည်း မပြောရဲဘူး။ ဖြစ်စေချင်တာကတော့ လုပ်အားပေးခိုင်းတာတို့၊ ချောတို့ဆိုတာမျိုး ပပျောက်စေချင်တာပေ့ါ။ တကယ်လို့ ခိုင်းမယ်ဆိုရင်လည်း အခကြေးငွေနဲ့ ခိုင်းတာမျိုးဆိုရင်တော့ တမျိုးပေ့ါ။ အခုက အခကြေးငွေမရတဲ့အပြင် ကြောက်လို့လုပ်ပေးရတဲ့ပုံစံမျိုး။"

ဒီကိစ္စနဲ့ပတ်သက်လို့တော့ မိုးမိတ်မြို့နယ် မယကရုံးကို ဆက်သွယ်လို့ မရခဲ့ပါဘူး။ အဓမ္မလုပ်အားပေး ခိုင်းစေမှုတွေကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုကို မတိုင်ဘူးလားလို့ ဒေသခံရွာသားတွေကို မေးကြည့်တော့ ဘယ်လိုတိုင်ရမှန်း မသိကြောင်း၊ တိုင်လို့ရရင် တိုင်ချင်ကြောင်းလည်း ပြောပါတယ်။ မနေ့က ထုတ်ပြန်တဲ့ အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အစီရင်ခံစာမှာတော့ ၂၀၀၈ နိုဝင်ဘာအထိ စာရင်းအရ အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားလွှာပေါင်း ၁၂၀ ကို လက်ခံရရှိထားတယ်၊ အဲဒီအထဲမှာ ၂၁ မှုက အရပ်သားအာဏာပိုင်တွေရဲ့ မတရားခိုင်းစေမှု၊ ၁၀ ခုက စစ်တပ်ရဲ့ ခိုင်းစေမှု၊ ၃၉ မှုက အသက် မပြည့်သေးတဲ့ ကလေးငယ်တွေကို စစ်တပ်ထဲ အတင်းအဓမ္မ သွင်းခဲ့မှုတွေဖြစ်ပြီး ကျန်အမှု ၇၀ ကတော့ အဓမ္မလုပ်အားပေး ခိုင်းစေမှုအဖြစ် အကြုံးမဝင်ဘူးလို့ ဖော်ပြထားပါတယ်။

---

# ရထားလမ်းအတွက် မြေများအသိမ်းခံရ

**DVB၊ မေလ ၁၃။** ။ ရခိုင်ပြည်နယ်နဲ့ မကွေးတိုင်းကို ဆက်သွယ်ဖောက်လုပ်နေတဲ့ မင်းဘူး–အမ်း–စစ်တွေ မီးရထားလမ်းအတွက် ကျေးရွာအချို့နဲ့ စိုက်ပျိုးမြေတွေကို သိမ်းဆည်းမှုတွေရှိနေတယ်လို့ သိရပါတယ်။

ဒီမီးရထားလမ်းကို စစ်တွေမြို့နယ်ရှိ ဘုမေရွာအနီးမှ စတင်ဖောက်လုပ်နေတာဖြစ်ပါတယ်။ မီးရထားလမ်းပိုင်းအတွက် စစ်တွေမြို့နယ်ထဲက ကျေးရွာအချို့ပြောင်းရွှေ့ပေးရသလို စိုက်ပျိုးမြေတွေလည်း အသိမ်းခံလိုက်ရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"ကျနော်တို့စစ်တွေမှာ ဖိုးသာရွာ၊ ဗျိုင်းဖြူရွာတွေ အပြောင်းခံလိုက်ရပြီ။ ဘုမေရွာမှာ လည်းအပြောင်းခံရတယ် လယ်တွေလည်းအသိမ်းခံရတယ်။"

စစ်တွေမြို့ပေါ်က ဘောလုံးကွင်းအနီး ရပ်ကွက်အချို့ကိုလည်း မီးရထားဘူတာအတွက် ဖျက်သိမ်းဖို့ လျာထားခံရတယ်လို့လည်း သူကပြောပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်က အခြေအနေကိုလည်း အဲ့ဒီဒေသခံက အခုလိုပြောပါတယ်။

"ကျနော်တို့ ပုဏ္ဏားကျွန်းမြို့နယ်မှာဆိုရင် ကွင်းတော၊ စပြင်ကြီး၊ ကျင်းသလင်းရွာ အပြင်တွေမှာ လယ်မြေတွေ အသိမ်းခံရသလို တချို့အိမ်တွေဟာ ရွှေ့ပြောင်းရမယ့် အခြေအနေတွေမှာ ရှိနေပါတယ်။ နောက်ပြီး ပုဏ္ဏားကျွန်းရဲ့မြို့ကျောင်းတက်လမ်း လမ်းမသာဆိုရင် လယ်မြေတွေအားလုံးလိုလို အသိမ်းခံလိုက်ရပါတယ်"။

သိမ်းဆည်းခံလိုက်ရတဲ့ ကျေးရွာတွေနဲ့ စိုက်ပျိုးမြေတွေအတွက် လျော်ကြေး တစုံတရာမှ မရရှိဘူးလို့ ပြောင်းရွှေ့ပေးလိုက်ရတဲ့ ဒေသခံတွေက ဆိုပါတယ်။ အခုဖောက်နေတဲ ရထားလမ်းမှာ ဇလီဖားတုံးအဖြစ်သုံးမယ့် သစ်တွေကိုလည်း ဈေးသက်သာတဲ့ သစ်တွေကိုပဲ သုံးနေပုံကို ပုဏ္ဏားကျွန်းမြို့နယ်က သစ်ကုန်သည်တဦးက အခုလိုပြောပါတယ်။

"အခု မီးရထားလမ်းအတွက် သွင်းနေတဲ့သစ်တွေကို စခန်းမှူးက ကိုင်ထားတယ်။ သစ်တတန် ၂ သိန်းခွဲတန်တာကို ၁ သိန်းခွဲပေးတော့ သွင်းရတဲ့ လူတိုင်းက အမြတ်လိုလို့ သစ်အပေါ်စားတွေကို သွင်းကြတာပဲ။ လမ်းက ဘယ်ခိုင်မလဲ အန္တရာယ်ဖြစ်နိုင်တယ်"။

ရထားလမ်းဖောက်လုပ်တဲ့နေရာမှာ မြေသယ်မြေဖို့နဲ့ ကုန်တင် ကုန်ချတို့လို အလုပ်ကြမ်းတွေ လုပ်ကိုင်ဖို့အတွက် အဲဒီဒေသတွေက ဒေသခံတွေကို လုပ်ခအနည်းငယ်ပဲပေးပြီး ခေါ်ယူခိုင်းစေမှုတွေ ရှိတယ်လို့ သူက ပြောပါတယ်။ လတ်တလောမှာတော့ ရထားလမ်းကို စစ်တွေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်တွေမှာ နှစ်ဖွဲ့ ခွဲပြီး ပြိုင်တူအမြန်နဲ့ ဖောက်လုပ်နေတာလို့လည်း အဲ့ဒီဒေသခံတွေက ပြောပါတယ်။

---

## မျက်နှာဖုံးမှ

ကြီးနဲ့ အနောက်ပိုင်းခရိုင် တရားသူကြီးတို့က ပူးပေါင်းခုံရုံးဖွဲ့ စစ်ဆေးမယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။ ပုဒ်မ ၂၂ နဲ့ စီရင်ချက်ချမယ်ဆိုရင် ထောင်ဒဏ် ၃ နှစ်ကနေ ၅ နှစ်အထိချမှတ်နိုင်တယ်လို့ ဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူနေသူတွေဖြစ်တဲ့ ဒေါ်ခင်ဝင်းနဲ့ သူ့သမီး၊ Mr. Yettaw တို့ကိုလည်း တားမြစ်ချက်ကိုချိုးဖောက်ရန် အားပေးကူညီမှု ပုဒ်မ ၂၂/၁၀၉ နဲ့ တရားစွဲထားတယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။ ဒီ ၄ ဦးအတွက် ဦးကြည်ဝင်းအပါအဝင် ရှေ့နေဦးဉာဏ်ဝင်းနဲ့ ဦးလှမျိုးမြင့်တို့က လိုက်ပါဆောင်ရွက်မှာပါ။

Mr. Yettaw ရဲ့အရေးနဲ့ပတ်သက်လို့ အမေရိကန်သံအရာရှိ တချို့ အင်းစိန်ထောင်ကို သွားရောက်တယ်လို့ ရန်ကုန် အမေရိကန်သံရုံး ပြန်ကြားရေးအရာရှိ Richard Mei က ပြောကြားပါတယ်။ လုံခြုံရေးအစောင့် အကျပ်တွေ တင်းတင်းကျပ်ကျပ်ချထားတဲ့ကြားက ပြင်ပကနေ လူတဦးက တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့တဲ့အပေါ် ရန်ကုန်နိုင်ငံရေးအသိုက်အဝန်းက နားမလည်နိုင်အောင်ဖြစ်နေသလို နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေချိုးဖောက်မှုနဲ့ တရားစွဲတာဟာလည်း မတရားမမျှတာဘူးလို့ ဝေဖန်သုံးသပ်မှုတွေ ရှိနေပါတယ်။

# စည်ပင်က ဈေးဆိုင်ခန်းများဖျက်ကာ သင်္ချိုင်းကုန်းတွင် သွားစွန့်

**DVB၊ မေ ၁၁။** ။ ရောဝတီတိုင်း လပွတ္တာမြို့ ၅ ရပ်ကွက် အောင်မင်္ဂလာလမ်းကဈေးကို သက်ဆိုင်ရာအာဏာပိုင်တွေက ကမ်းနားလမ်းမှာရှိတဲ့ သဲပုံဆိပ်ဆီ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခဲ့ရာ မပြောင်းတဲ့ဈေးသည်တွေကို စည်ပင်ဝန်ထမ်းတွေက ဆိုင်ဖျက်သိမ်းပြီး သင်္ချိုင်းကုန်းကို သွားစွန့်ပြစ်နေပါတယ်။

ယာယီဈေးအဖြစ် တည်တည်ငြိမ်ငြိမ်ရှိနေတာကို ဆိုင်ရာ စည်ပင်ဝန်ထမ်းတွေက ဆိုင်ခန်းတွေကို အတင်းအဓမ္မဖျက်ဆီးကာ ကားနဲ့တိုက်ပြီး ပစ္စည်းတွေကို သင်္ချိုင်းကုန်းကို သွားစွန့်ပြစ်နေတာ ဖြစ်တယ်လို့ မျက်မြင်တွေ့ရတဲ့သူတယောက်က ပြောပါတယ်။

“အခုလက်ရှိ ရွှေ့ခိုင်းတဲ့နေရာက နေပူကြီးထဲမှာ။ သူတို့က လုံခြုံစွာထားလို့ရအောင်လို့ တဲထိုးခွင့်မပေးဘူးလေ။ တချို့ဆိုရင် နေပူအောက်မှာပဲ ပက်လက်ကြီးနဲ့ရောင်းရတာ၊ ဒီဟင်းသီးဟင်းရွက်ကို နေပူထဲမှာရောင်းရတာ လူလည်း မခံနိုင်ဘူး၊ ဟင်းသီးဟင်းရွက်လည်း မခံနိုင်ဘူးလေ။ ဟိုဈေးကျတော့ အမိုးအကာရှိတော့ လူတွေက တုံးလုံးလှဲနေပြီးတော့ အထဲကနေ ရောင်းလို့ရတယ်။ ဒီဈေးကျတော့ အမိုးအကာမရှိ ပက်လက်ကြီးဆိုတော့ ဘယ်နေနိုင်မလဲ ၈ နာရီလောက် နေပူလာပြီဆိုရင် လူတွေက ပြေးကုန်ရော။”

ဈေးကိုလိုက်ဖျက်သိမ်းနေတာ မတတ်နိုင်တဲ့အဆုံးမှာ သဲပုံဆိပ်ကို မနေ့ကမှ ပြောင်းရွှေ့လိုက်ရတဲ့ ကွမ်းယာသယ်တယောက်က သူတို့ပြောင်းခိုင်းတဲ့နေရာကို ပိုက်ဆံပေးပြီးမှ နေရာရခဲ့သလို စည်ပင်ဦးစီးအရာရှိဗိုလ်ကြီးသန်းထွန်းလင်းကလည်း ဈေးသည်တွေကို ကြိမ်းဝါးတယ်လို့ ပြောပါတယ်။

“ဒီနေရာကနေ ဖယ်မပေးရင် ကားနဲ့တိုက်ပြီးတော့ ဖျက်မယ်လို့ အဲ့လိုမျိုးကြိမ်းဝါးခဲ့တယ်။ အားလုံးကိုပြောတယ် ၁ ရက် ၅ လ ၂၀၀၉ ရက်နေ့က ရွှေ့တယ်။ နေပူကျဲထဲမှာ ရောင်းရတယ်။ နေရာလည်းမရှိဘူး။ သူလာတဲ့နေရာကို ဖယ်မပေးလို့ဆိုပြီး တာပေါ်လင်ကိုဖျက်ပြီးတော့ လွှင့်ပြစ်တယ်။ သူတို့တွေက ဘာမှမပေးဘူး၊ ကိုယ့်မိုးကာနဲ့ကိုယ်ပဲ ဈေးနေရာရဖို့အတွက် ဈေးခေါင်းတွေကို ၁ သောင်းခွဲ ၂ သောင်းပေးရသေးတယ်။ သူတို့က တရက်ကိုတရာ ဈေးဆိုင်တိုင်းကို ဈေးခွန်ကောက်တယ်။”

၂၀၀၄ ခုနှစ်ကတည်းက လပွတ္တာမြို့ရဲ့ဈေးကြီး မီးလောင်ခဲ့တဲ့အတွက် အဲဒီကတည်းက အောင်မင်္ဂလာလမ်း လေးထပ် ပရိယတ္တိ စာတင်တိုက်ဝန်းကျင်မှာ ဈေးရောင်းချခွင့်ပြုခဲ့တာဖြစ်ပါတယ်။ မီးလောင်သွားတဲ့ဈေးကို ပြန်ဆောက်မယ်ဆိုပြီးဈေးသည်တွေဆီက ငွေကောက်ခံခဲ့ပေမယ့် ခုချိန်ထိဆောက်လို့မပြီးရာကနေ နာဂစ်ဖြစ်ပြီးတဲ့နောက်မှာ သိမ်းကုမ္ပဏီက သဲပုံဆိပ်နားမှာ ဈေးဆိုင်ခန်းတွေကို လာဆောက်တာဖြစ်ပါတယ်။ အဲဒီရေပေါ်ဈေး ဆောက်လုပ်နေချိန်မှာ ဆိုင်ခန်းတွေကို ရောင်းချခဲ့ပါတယ်၊ စီးပွားရေးအဆင်မပြေ လို့ ဆိုင်ခန်းတွေကို ဈေးသည်က မဝယ်နိုင်တဲ့အတွက် သူတို့ရောင်းထွက်အောင် စည်ပင်နဲ့ပေါင်းပြီး မူလဈေးဖြစ်တဲ့ အောင်မင်္ဂလာလမ်းမှာရှိတဲ့ ဈေးကနေ အခုရေပေါ်ဈေးဆောက်ရာနေရာ သဲပုံဆိပ်နားပြောင်းရွှေ့ခိုင်းနေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စည်ပင်ရုံးကို ဆက်သွယ်မေးမြန်းတဲ့အခါမှာ တာဝန်ကျဝန်ထမ်းက ပြန်လည်ဖြေကြားဖို့ငြင်းဆန်ပါတယ်။

“ကျနော်က စည်ပင်က ကျနော်အင်ဂျင်နီယာဌာနခွဲ။ အဲ့ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျနော်ဘာမှမသိဘူး၊ ကျနော်တို့လူကြီးကိုတင်ပြရအုံးမယ်။” သိမ်းဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်နေဆဲ ဆိုင်ခန်းအားလုံးပေါင်း ၃၇၈ ခန်းရှိပြီး တခန်းကို ၉ သိန်းမှ ၂၅ သိန်းအထိရောင်းချနေတယ်လို့သိရပါတယ်။

# ဟိန္ဒူနှင့်တမီးများကို မှတ်ပုံတင်ပေး

**DVB၊ မေလ ၁၂။** ။ ပဲခူးက ဟိန္ဒူနှင့် တမီးလ်လူမျိုးတွေကို မှတ်ပုံတင်ကဒ်တွေ ထုတ်ပေးနေတယ်လို့ သိရပါတယ်။

ပဲခူးမြို့ပေါ်က နိုင်ငံသားမှတ်ပုံတင်မရှိတဲ့ ဟိန္ဒူနဲ့ တမီးလ်လူမျိုးတွေကို ဒီလဆန်းပိုင်းကစပြီး မှတ်ပုံတင်ထုတ်ပေးနေတာဖြစ်တယ်လို့ ပဲခူးမြို့ခံတဦးက ပြောပါတယ်။

“ကာလီမကျောင်းမှာ မှတ်ပုံတင်တွေထုတ်ပေးတယ်။ မှတ်ပုံတင်လုံးဝမရှိတဲ့သူတွေ များသောအားဖြင့် ဟိန္ဒူလူမျိုးတွေနဲ့ တမီးလ်လူမျိုးတွေက ဘာအထောက်အထားမှမရှိဘူး၊ မှတ်ပုံတင်မရှိကြဘူး။ တချို့သူတို့အဘိုးအဘွားတွေလည်း ပီအာတွေ ဘာတွေ မကိုင်ထားနိုင်ကြဘူး။ သုံးခေါက်ချိုး မှတ်ပုံတင်လည်း မကိုင်ထားနိုင်ကြဘူး။ အဲ့လိုလူမျိုးတွေကို သုံးခေါက်ချိုးမှတ်ပုံတင်တွေ ထုတ်ပေးတယ်။ ဘာအထောက်အထားမှ မရှိတဲ့သူတွေကိုကျတော့ ယာယီသက် သေခံကဒ်ပြားထုတ်ပေးတယ်။”

၂၀၁၀ မှာပြုလုပ်မယ့် ရွေးကောက်ပွဲအတွက်ရည်ရွယ်ပြီး ထုတ်ပေးတာလို့လည်း အခဆိုပါဒေသခံက ပဲခူးကလူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတဦးကို ကိုးကားပြောဆိုပါတယ်။ မှတ်ပုံတင်လုပ်သူတဦးကို ကျပ်ငါးထောင်ပေးရပြီး အဲဒီ ငွေကို လဝကဝန်ထမ်းတွေနဲ့ကာလီမဘုရားကျောင်းဂေါပကလူကြီးတွေခွဲဝေ ယူတယ်လို့လည်း သိရပါတယ်၊ ပဲခူးမှာရှိတဲ့ ဟိန္ဒူနဲ့တမီးလ်းလူမျိုးတွေဟာ ဆင်းရဲသားလူတန်းစား အများစုဖြစ်ကြပြီး ငွေငါးထောင်ပေးရတာကြောင့် အခက်အခဲတွေ ရင်ဆိုင်နေရတယ်လို့ အဲဒီပဲခူးမြို့ခံက ပြောပါတယ်။

“ ဟိန္ဒူလူမျိုးတွေကလည်း ဆင်းရဲဒုက္ခရောက်တဲ့အခါကျတော့ သူတို့မှာ တနေ့လုပ်လို့ တနေ့စားဖို့တောင်အနိုင်နိုင်။ တယောက်ကို ၅ ထောင် ပေးဖို့ဆိုတာ မနည်းချွေတာပြီး ပေးနေရတယ်။ တကယ်တမ်းကျတော့ သူတို့မှာ စားဝတ်နေရေးမပြေလည်ကြဘူး။ မှတ်ပုံတင်မရှိရင်လည်း ခရီးသွားလာဖို့ အရမ်းဒုက္ခရောက်တော့ မရှိ ရှိတာလေးတွေကို ရောင်း ပေါင်ပြီးလုပ်နေကြရတာ။” ဒီအကြောင်းနဲ့ပတ်သက်ပြီး ပဲခူးမြို့က လူဝင်မှုကြီးကြပ်ရေးရုံးကို မေးမြန်းစုံစမ်းပေမယ့် ဆက်သွယ်လို့ မရခဲ့ပါဘူး။”

# ထိုင်းကိုခိုးဝင် မြန်မာ ၉ ဦး ဖမ်းဆီးမိ

**DVB၊ မေလ ၁၂။** ။ ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့အထွက် ဘန်ကောက်သွားတဲ့ လမ်းပေါ်က ဘန့်ဟွေ့ဟင်ပုန် စစ်ဆေးရေးဂိတ်မှာ မေလ ၆ ရက်နေ့ မနက် ၁၀ နာရီက ဟင်းသီးဟင်းရွက်တင် ကားတစီးကို စစ်ဆေးနေတုန်း ကားအောက်မှာ အံ့ဝှက်နဲ့ ခိုးတင်လာတဲ့ မြန်မာ ၉ ဦးကို ရှာဖွေတွေ့ရှိ ဖမ်းဆီးခဲ့ပါတယ်။

ကားကို စစ်ဆေးနေချိန် ဟင်းသီးဟင်းရွက်တွေအောက်ကို သံချွန်တွေနဲ့ ထိုးပြီး လဝက ရဲတွေက ရှာဖွေရာကနေ သံချွန်အထိုးခံရသူ အလန့်တကြား အော်လိုက်တဲ့အတွက် သိရှိဖမ်းဆီးခဲ့တာပါ။ အဖမ်းခံခဲ့ရသူတွေထဲမှာ အသက် ၁၈ နှစ်အောက် အများစုပါဝင်ပြီး ယောက်ျား ၆ ဦး မိန်းမ ၃ ဦး ပါဝင်ပါတယ်။ မဲဆောက်ကနေ ဘန်ကောက်အရောက် လူတဦးကို ကျပ် ၂ သိန်းကျော်နဲ့ ညီမယ့် ထိုင်းဘတ် ၈၀၀၀ စီ ကို ကယ်ရီခအဖြစ် ပေးရတယ်လို့ ဆိုပါတယ်။ အခု သူတို့ ၉ ဦးကို တရားမဝင် နိုင်ငံဖြတ်ကျော်ဝင်ရောက်မှုနဲ့တရားစွဲထားပြီး မဲဆောက် အချုပ်မှာ ချုပ်နှောင်ထားပါတယ်။

လူကယ်ရီလင်မယား ၂ ဦးကိုလည်း တပြိုင်တည်း ဖမ်းဆီးထားပါတယ်။ ထိုင်းနိုင်ငံထဲခိုးဝင်မှုနဲ့ မြန်မာလူမျိုးတွေ မကြာခဏ အဖမ်းခံနေရပါတယ်။ မကြာသေးခင်ကပဲ တောလမ်းကနေ ဘန်ကောက်ကို လမ်းလျှောက်တက်ခဲ့ကြတဲ့ မြန်မာလူမျိုးအယောက် ၂၀ ခန့်ကို ထိုင်းရဲက ဖမ်းဆီးခဲ့ပါသေးတယ်။ မကြာခင်လတွေကလဲ ရနောင်းနယ်စပ်က ဘန်ကောက်ကိုမောင်းလာတဲ့ အလုံပိတ် ကားတစီးပေါ်မှာ မြန်မာ ၅၄ ဦး အသက်ရှူမရဖြစ်ပြီး သေဆုံးခဲ့ဖူးပါသေးတယ်။

# စီးပွားရေးပိတ်ဆို့အရေးယူမှုအကြောင်း တစေ့တစောင်း

**ခင်မမမျိုး**

## ယခင်လအဆက်

ဘယ်လိုရည်ရွယ်ချက်နဲ့လုပ်တာဘဲဖြစ်ဖြစ် ပြုလုပ်တဲ့အလုပ်တိုင်းမှာ ရည်မှန်းချက်ပန်းတိုင်ကတော့ရှိရမှာဖြစ်ပါတယ်။ ရေရာတိကျတဲ့ ရည်မှန်းချက်ပန်းတိုင်မရှိဘဲ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေအတွက် ရေရာတိကျတဲ့ရည်မှန်းပန်းတိုင်မရှိဘဲ ဘဝကိုကြုံသလို လျှောက်လှမ်းနေသူတွေအတွက်ကတော့ ဘယ်လောက်ဘဲရည်ရွယ်ချက်တွေကောင်းနေနေ ဘယ်လောက်ဘဲဆန္ဒတွေကြီးမားနေနေ အောင်မြင်မှုဆိုတာနဲ့ အစဉ်အမြဲဝေးကွာနေမှာပါဘဲ။ အခုဆိုရင် ကမ္ဘာတလွှားမှာ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ ရာနဲ့ချီရှိခဲ့ပါပြီ။ တခုနဲ့တခုချမှတ်ခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင်တွေမတူညီပါဘူး။ ဒါနဲ့ပတ်သက်ပြီး ပညာရှင် Lindsay ဆိုသူက စီးပွားရေးပိတ်ဆို့မှုရည်မှန်းချက်တွေနဲ့ပတ်သက်တဲ့ Framework of Analysis ကိုရေးဆွဲဖော်ပြခဲ့ပါတယ်။

ပထမတချက်ကတော့ Compliance ပါ။ ပြစ်မှတ်နိုင်ငံကို အရေးယူမှုလုပ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းဘဲဖြစ်ဖြစ် နိုင်ငံတခုခုကဘဲဖြစ်ဖြစ် လိုချင်တဲ့အခြေအနေတရပ်ဆီကို ပြောင်းလဲပေးနိုင်ရေးအတွက် ရည်ရွယ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ် ဖော်ဆောင်မှုတွေအတွက် ဒီရည်မှန်းချက်ကို အသုံးပြုလေ့ရှိပါတယ်။ ဥပမာဆိုရင် တောင်အာဖရိကမှာဖြစ်ခဲ့တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုပါ။ တောင်အာဖရိကနဲ့ပတ်သက်ပြီး တချို့က တောင်အာဖရိကမှာ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းမှုအတွက် ဒိုင်ယာလော့ခ်ပေါ်ပေါက်လာတာ။

မင်ဒဲလားတို့ဘက်က အစွန်းရောက်တဲ့လုပ်ဆောင်မှုတွေကို စွန့်လွှတ်လိုက်လို့ လို့ပြောဆိုကြပါတယ်။ တကယ်တော့ ဒိုင်ယာလော့ခ်ဖြစ်လာဘို့ဆိုတာလက်ခုပ်နှစ်ဘက်တီးမှမြည်တာပါ။ မင်ဒဲလ်လားက ဒိုင်ယာလော့ခ်လို့ဘယ်လောက်ဘဲအော်နေနေ အဲဒီအချိန်က အုပ်ချုပ်ခဲ့တဲ့တောင်အာဖရိကအစိုးရကလက်မခံခဲ့ဘူးဆိုရင် ဘာမှဖြစ်လာခဲ့မှာမဟုတ်ဘူး။ ဒီလို တောင်အာဖရိကအစိုးရကို ဒိုင်ယာလော့ခ်အပေါ်မှာ စိတ်ဝင်စားလာအောင် အဓိကတွန်းအားပေးခဲ့တာကတော့ Multilateral Economic Sanction ဘဲဖြစ်ပါတယ်။

ရည်မှန်းချက်ပန်းတိုင်နောက်တမျိုးကတော့ Subversion ဖြစ်ပါတယ်။ ပြစ်မှတ်နိုင်ငံကခေါင်းဆောင်အချို့ ဒါမှမဟုတ်ရင် အစိုးရအဖွဲ့တခုလုံးကို ဖယ်ရှားဘို့ဖြစ်ပါတယ်။ ဥပမာဆိုရရင် ကျူးဘားနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုမှာ ကတ်စထရိုကို သူ့အာဏာကနေဖယ်ရှားဘို့ ရည်မှန်းချက်ပါပါတယ်။ ဒီပန်းတိုင်အတွက်ဆိုရင်တော့ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုတခုတည်းနဲ့မလုံလောက်ပါဘူး။ စီးပွားရေးပိတ်ဆို့မှုဟာလည်း ထိရောက်ရမှာဖြစ်တဲ့အပြင် အစိုးရခေါင်းဆောင်ကိုဖယ်ရှားဘို့ အစိုးရဖြုတ်ချဘို့ ရည်မှန်းထားတဲ့ပြစ်မှတ်နိုင်ငံက နိုင်ငံသူ နိုင်ငံသားများရဲ့ စစ်ရေးစစ်မျက်နှာ၊ စီးပွားရေးစစ်မျက်နှာ၊ အတွေးအခေါ်စစ်မျက်နှာ၊ နိုင်ငံတကာစစ်မျက်နှာ စတဲ့ စစ်မျက်နှာမျိုးစုံ ဖွင့်လှစ်လုပ်ဆောင်နိုင်မှုအရည်အချင်းပေါ်မှာလည်း အများကြီးမူတည်ပါတယ်။ တချို့သောနိုင်ငံများရဲ့အတိုက်အခံနိုင်ငံရေးခေါင်းဆောင်များမှာ ဒီလိုစစ်မျက်နှာပေါင်းစုံ ဖွင့်လှစ်နိုင်တဲ့အရည်အချင်းမရှိပါဘူး။ နိုင်ငံတကာစစ်မျက်နှာအပေါ်မှာဘဲ မှီခိုပြီး နိုင်ငံတကာရဲ့အရေးယူပေးမှုကိုသာ အားကိုးတကြီး စောင့်မျှော်တတ်လေ့ရှိတာကြောင့် ဒီပန်းတိုင်နဲ့ပတ်သက်တဲ့ ထိရောက်မှုကတော့ အားနည်းလေ့ရှိပါတယ်။

နောက်ထပ်ရည်မှန်းချက်တမျိုးကတော့ Deterrence ပါ။ ပြစ်မှတ်နိုင်ငံကိုနောက်တခါ ဒီလိုပြစ်မှုမျိုးတွေမကျူးလွန်စေဘို့ အရေးယူအပြစ်ပေးရင်း တခြားနိုင်ငံတွေကိုပါ ဥပမာ အနေနဲ့ပြလိုက်တာမျိုးဖြစ်ပါတယ်။ ဥပမာ အီတလီနိုင်ငံကို စီးပွားရေးပိတ်ဆို့ပြီး ဗြိတိန်နိုင်ငံဟာ ဂျာမဏီနိုင်ငံရဲ့ Aggression ကို ထိန်းချုပ်ချောက်လှန့်ခဲ့ဘူးပါတယ်။ နောက်ထပ်ရည်မှန်းချက်တခုကတော့ International Symbolism ပါ။ ကမ္ဘာ့လူ့အဖွဲ့အစည်းကို ပြစ်မှတ်နိုင်ငံရဲ့ပြဿနာအခြေအနေများကို မီးမောင်းထိုးပြပေးတာဖြစ်ပါတယ်။

Unilateral Sanction ကနေ Bilateral Sanction ၊ အဲဒီကနေ Multilateral Sanction အထိ တက်လှမ်းနိုင်ဘို့က ဒီရည်မှန်းချက်ကို ပြည့်မီဘို့လိုအပ်လှပါတယ်။ နောက်ထပ်ရည်မှန်းချက်တမျိုးကတော့ Domestic Symbolism ပါ။ အရေးယူမှုလုပ်တဲ့နိုင်ငံရဲ့အစိုးရက သူ့ရဲ့ပြည်သူလူထုအကြားမှာ တရားမျှတမှုဘက်ကရပ်တည်တယ်။ ကမ္ဘာ့ရေးရာတွေမှာ ကိုင်တွယ်ဖြေရှင်းနိုင်တယ်ဆိုတဲ့အနေနဲ့ Popularity of Government ကိုရယူတာဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးပွားရေးပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်လို့ Pro-Sanction Campaign ဘဲဖြစ်ဖြစ် Anti-Sanction Campaign ဘဲဖြစ်ဖြစ်လုပ်မယ့်လူတွေ၊ အဖွဲ့အစည်းတွေဟာ Grass-root Level Activities တွေကို စနစ်တကျအကောင်အထည်ဖော်ရမယ်လို့ ဆိုလိုတာပါ။ Policy Makers တွေကိုဘဲ တိုက်ရိုက် Lobby လုပ်ပြီး Grass-root Level Activism အားနည်းတဲ့ဘက်က ရေရှည်မှာမခံနိုင်ဘဲ ရှုံးတတ်လေ့ရှိပါတယ်။ ဒီတော့ အခုလိုရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်ပန်းတိုင်ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ဖြစ်ပေါ်နေတဲ့ စီးပွားရေးပိတ်ဆို့မှုဟာ ထိရောက်မှုရှိပါသလားဆိုတာကို မေးစရာဖြစ်လာပါတယ်။

### စီးပွားရေးပိတ်ဆို့အရေးယူမှုဟာ ထိရောက်ပါသလား

စီးပွားရေးပိတ်ဆို့အရေးယူမှုရဲ့ထိရောက်မှုနဲ့ပတ်သက်ပြီး လေ့လာမှုတွေအများအပြားပေါ်ပေါက်ခဲ့ပါတယ်။ အောင်မြင်မှုတွေလည်းရှိခဲ့သလို ရည်မှန်းချက်ပန်းတိုင်မပြည့်မီဘဲ ရုတ်သိမ်းလိုက်ရတာတွေလည်းရှိပါတယ်။ ၁၉၉၇ ခုနှစ်က Robert Pape ဆိုတဲ့ ပညာရှင်တယောက်က ကမ္ဘာတဝှမ်းက စီးပွားရေးပိတ်ဆို့မှုဖြစ်ရပ် ၁၁၅ ခုကိုလေ့လာပြီး စီးပွားရေးပိတ်ဆို့အရေးယူမှုဟာ ထိရောက်သလားမထိရောက်ဘူးလားဆိုတာကို လေ့လာခဲ့ဘူးပါတယ်။ ထိရောက်မှုဆိုတဲ့အပိုင်းကသူက Criteria သုံးခုချမှတ်ပြီးတိုင်းတာပါတယ်။ ပထမတချက်က ပိတ်ဆို့အရေးယူမှုရဲ့တောင်းဆိုချက်၊ ရည်မှန်းချက်တွေပြည့်မီတာဖြစ်ပြီး ၊ ဒုတိယတချက်က ပြစ်မှတ်ရဲ့ပြုမူဆောင်ရွက်မှု ပြောင်းလဲခြင်းမရှိသေးခင်မှာ အရေးယူမှုစတင်ပြုလုပ်ခဲ့သလားဆိုတာဖြစ်ပါတယ်။

တခါတရံ ပြစ်မှတ်က သူ့ဘာသာသူပြောင်းလဲမှုအပေါ်မှာ စီးပွားရေးပိတ်ဆို့မှုရဲ့အရေးယူမှုကြောင့်လို့ ရောထွေးပြောတတ်ကြလို့ ဒီအချက်ကို ထည့်သွင်းထားတာဖြစ်ပါတယ်။ တတိယအချက်ကတော့ ပြစ်မှတ်ရဲ့ပြောင်းလဲလာမှုတွေဟာ တခြားအကြောင်းအရာတွေကြောင့်မဟုတ်ဘဲ၊ ပိတ်ဆို့အရေးယူမှုတခုတည်းကြောင့် ဟုတ်သလားဆိုတဲ့အချက်ပါ။ ဒီအချက် ၃ ချက်နဲ့ ဖြစ်ရပ် ၁၁၅ ခုကိုလေ့လာခဲ့ရာမှာ ၅ ခုဘဲထိရောက်ခဲ့တာကိုတွေ့ရှိရပါတယ်။

အခြားပညာရှင်တဦးဖြစ်တဲ့ Elizabeth Rogers ကတော့ စီးပွားရေးပိတ်ဆို့အရေးယူမှုဆိုတဲ့သဘောတရားဟာ လူသားချင်းစာနာထောက်ထားမှု ရှုဒေါင့်ကနေကြည့်ရင် အားနည်းချက်တွေရှိတဲ့အတွက် ပေါ်လစီချမှတ်သူများဘက်ကနေချမှတ်မှုတွေကိုသာလူသိခံပြီး အောင်မြင်မှုတွေကို ထုတ်ဖော်ပြောကြားခြင်းမရှိတဲ့အတွက် အနုတ်လက္ခဏာအဖြစ်သာ လူအများကသိတတ်လေ့ရှိကြောင်း ဆန်းစစ်ပြောကြားခဲ့ပါတယ်။ HSE လို့ အများကသိထားတဲ့ပညာရှင်တဦးဖြစ်တဲ့ Hafbauer, Scott, Elliot တို့ကလည်း စီးပွားရေးပိတ်ဆို့မှုဟာ ရည်မှန်းချက်ပန်းတိုင်ကို ပြည့်မီဘို့အကန့်အသတ်နဲ့အသုံးဝင်မှုဘဲရှိတာမှန်ပေမယ့် စီးပွားရေးပိတ်ဆို့မှုဟာ လုံးဝမထိရောက်တာတော့မဟုတ်ဘူးလို့ အဆိုပြုကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# အမေရိကန်စာနယ်ဇင်းသမားနှစ်ဦး ဘာကြောင့် ပြန်ပို့ခံရသနည်း

**DVB၊ မေလ ၁၄ ။** ။ မန္တလေးမြို့မှာ စာနယ်ဇင်းသင်တန်းသင်ပေးနေတဲ့ အမေရိကန်စာနယ်ဇင်းသမားနှစ်ဦး ပြန်ပို့ခံရတာနဲ့ပတ်သက်လို့ အာဏာပိုင်တွေက တရားဝင် သတင်းထုတ်ပြန်ခြင်းမရှိပေမယ့် ကြံ့ခိုင်ရေးရဲ့လက်ချက်ကြောင့် ဖြစ်နိုင်တယ်လို့ စောင့်ကြည့်သူတွေက ခန့်မှန်းပြောဆိုကြပါတယ်။

စစ်အုပ်စုက အမေရိကန်စာနယ်ဇင်းသမားနှစ်ယောက်ကို ဘာကြောင့် ပြန်ပို့တယ်ဆိုတာ ကာယကံရှင်နှစ်ယောက်လည်း မသိပါဘူး။ ရန်ကုန်ရှိ အမေရိကန်သံရုံးကိုမေးကြည့်ရာမှာ နအဖစစ်အုပ်စုက သတင်းထုတ်ပြန်တာမရှိသလို သူတို့ကိုလည်း မပြောဘူးလို့ပြောပါတယ်။ ရန်ကုန်အမေရိကန်စင်တာက ဦးစီးလုပ်တဲ့ စာနယ်ဇင်းသင်တန်းက စာနယ်ဇင်းသမား ဂျယ်ရီ ရက်ဖန်းနဲ့ ကယ်ရင် ကုတ်စ်တို့ ဇနီးမောင်နှံဟာ မန္တလေးမြို့မှာ စာနယ်ဇင်းသင်တန်းအလုပ်ရုံဆွေးနွေးပွဲကို ခုလ ၄ ရက် ကနေ ဖ ရက်အထိ သုံးရက်လုပ်အပြီးမှာ ထိမ်းသိမ်းခံခဲ့ရပြီး ၇ ရက်နေ့မှာ ဘန်ကောက်ကို ပြန်ပို့ခံရတာပါ။ သူတို့သင်တန်းမှာ ဗီချာရေးနည်းနဲ့ ဓာတ်ပုံပညာ ပို့ချတာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ရန်ကုန်မှာလည်း စာနယ် ဇင်းသင်တန်း ၄ ရက်ပေးခဲ့ပါတယ်။ သူတို့နှစ်ဦးကို ထိန်းသိမ်းထားချိန်မှာ အမေရိကန်သံရုံးကိုလည်း ဆက်သွယ်မရတဲ့အကြောင်းနဲ့ သူတို့ကို ဘာကြောင့် ထိန်းသိမ်းပြီး ဘာကြောင့် ပြန်ပို့တယ်ဆိုတာ တာဝန်ရှိသူတွေကိုမေးပေမယ့် အထက်အမိန့်အရ လုပ်တာလို့သာ ပြန်ဖြေကြတယ်လို့ဆိုပါတယ်။ သူတို့ဟာ နိုင်ငံရေးနဲ့ဆက်နွယ်မှုမရှိသလို ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင်း ခိုးဝင်တယ်ဆိုတဲ့ကိစ္စနဲ့ လုံးဝဆက်နွယ်မှုမရှိဘူးလို့ ကြေညာချက်ထုတ်ထားပါတယ်။ ဘာကြောင့် သူတို့ ပြန်ပို့ခံရတဲ့ကိစ္စ အကြောင်းရင်းမှန်ကို အတိအကျမပြောနိုင်ပေမယ့် အရီးတောင်းလက်ဖက်နဲ့ ဆက်စပ်တဲ့သတင်းဆောင်းပါးရေးဖို့ အရီးတောင်းလက်ဖက်တိုက်ကို သွားရောက်ခဲ့တာကြောင့် ဖြစ်နိုင်တယ်လို့ သင်တန်းသားတချို့ကပြောပါတယ်။

နအဖစစ်အုပ်စုက အရီးတောင်း လက်ဖက်အပါအဝင် လက်ဖက်တံဆိပ်အတော်များများကို ဆိုးဆေးပါလို့ စားသုံးရန် မသင့်ဘူးလို့ ကြေညာထားသလို အရီးတောင်းလက်ဖက်ပိုင်ရှင်တွေကလည်း သူတို့ဆိုးဆေးမသုံးကြောင်း တုံ့ပြန်ခဲ့ပါတယ်။ အရီးတောင်းလက်ဘက်တိုက်ပိုင်ရှင် အရီးတောင်း ဦးကျော်သိန်းရဲ့ သား ဗိသုကာဒီဇိုင်းပညာရှင် ဦးဇော်ဟိန်းက အဲဒီအမေရိကန်စာနယ်ဇင်းသမား သူတို့ဆီလာလေ့လာမေးမြန်းတဲ့အကြောင်း ပြောပါတယ်။

"သူတို့က မြန်မာ့ရိုးရာ၊ မြန်မာတွေ စားတဲ့လက်ဖက်ကို လာလေ့လာတာ။ ကျနော်တို့ လုပ်ငန်းလုပ်သက်က နှစ်ပေါင်း ၁၅၀ ကျော်ရပ်တည်နိုင်တယ်ဆိုတော့ ခပ်ရှားရှားလေ။ အဲဒါကို သူတို့က စိတ်ဝင်စားပြီး လာလေ့လာတာဗျ။ လက်ဖက်ကဘယ်လိုလဲ၊ သူ့အခြေခံက ဘယ်လို အစားအသောက်တွေ၊ ဘယ်လို ပဲကြော်ပဲလှော်တွေနဲ့ ဘယ်လိုစားလဲဆိုတဲ့ အရသာရဲ့အခြေခံကို သိချင်လို့၊ ဆောင်းပါးရေးဖို့ ကျနော်တို့ကို မေးတာပါ။ ဆိုးဆေးနဲ့ ပတ်သက်ပြီးတော့လည်း ကျနော်တို့က ရှင်းပြလိုက်တယ်။ ကျနော်တို့ အရသာပါထည့်ပြီး ထုတ်တဲ့လူတွေ အားလုံးကတော့ ဆိုးဆေးကို ဘယ်သူမှမသုံးဘူး၊ နောက်အဆင့်ဖြစ်တဲ့ ပွဲရုံတို့၊ တောင်ပေါ်တို့ ပင်ရင်းတွေကပဲဆိုးတာ၊ ဆိုးပြီးရောင်းကြတာကို အဲဒါတွေက ကြေညာမခံရဘဲ ကျနော်တို့က ကြေညာခံရတော့ အများကြီးနစ်နာတာပေါ့။ သူတို့ကလည်းသိပါတယ်၊ စိတ်မကောင်းပါဘူးလို့ ပြောသွားပါတယ်။"

သူတို့ စာနယ်ဇင်းသမားဇနီးမောင်နှံကို ဒီလ ၇ ရက်နေ့မှာ မန္တလေးမြို့က ပွဲစားကုန်စည်ဒိုင် ကထိန်တော်အသင်းကို သွားရောက်ပို့ဆောင်ဖို့ချိန်းဆိုထားပေမယ့် ခရီးစဉ်ပျက်သွားတယ်လို့ ဦးဇော်ဟိန်းက ပြောပါတယ်။

"ပွဲစားကုန်စည်ဒိုင် ကထိန်တော်အသင်းပေါ့။ အခြေခံ ကျနော်တို့က အကြော်ရောင်းတာဆိုတော့ ပဲတွေကို ပွဲစားကုန်စည်ဒိုင်က ဝယ်တယ်ဆိုတော့ ပွဲစားကုန်စည်ဒိုင်ဆိုတာ ဘယ်လိုဟာကြီးလဲပေါ့။ ကထိန်အသင်းဝင်တွေက ကထိန်လုပ်ကြတာ အဲဒီက ရတဲ့ငွေတွေနဲ့စုပေါင်းပြီး လုပ်ကြတာလို့။ အဲ့ဒီမှာပဲ ပဲတွေကို ရောင်းကြ၊ ဝယ်ကြတယ်ဆိုတော့ စိတ်ဝင်စားတယ်တဲ့။ ဆောက်ထားတာကလည်း ဒီဇိုင်းက ကျနော်အာခိတက် ဦးဇော်ဟိန်းရဲ့ ဒီဇိုင်းပါ။ ဒါကိုလိုက်ကြည့်ချင်တယ်ဆိုလို့ အဆောက်အဦးကိုပြချင်တာ ဒါမယ့်သူက မမျှော်လင့်ဘဲနဲ့ ပြန်သွားတော့ မပြဖြစ်ပါဘူး။"

ဘာကြောင့် သူတို့နှစ်ဦးပြန်ပို့ခံရတယ်ဆိုတာ တိတိကျကျမသိနိုင်သေးပေမယ့် စောင့်ကြည့်သူတွေကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းရဲ့ တိုင်တောမှုကြောင့်လို့ ထင်ကြေးပေးပါတယ်။ ကြံ့ခိုင်ရေးအသင်းက အရီးတောင်း ဦးကျော်သိန်းကို ၂၀၁၀ ရွေးကောက်ပွဲကျရင် သူတို့အဖွဲ့ကိုယ်စားပြုပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်အရွေးခံပေးဖို့ ကမ်းလှမ်းခဲ့ဖူးကြောင်း၊ ဦးကျော်သိန်းက ကြံ့ဖွံ့ကိုယ်စားလှယ်အဖြစ် မလုပ်ဆောင်ဘူးလို့ငြင်းဆိုဖူးတဲ့ အတိတ်ဖြစ်ရပ်တွေလည်း ရှိတယ်လို့ စောင့်ကြည့်သူတွေက ပြောပါတယ်။ အဲလိုဖြစ်ပြီးတဲ့နောက် အရီးတောင်းအပါအဝင် လက်ဖက်တွေမှာ အဝါရောင်ဆိုးဆေးပါတာ တွေ့ရှိတယ်၊ စားသုံးရန်မသင့် ဆိုပြီး အာဏာပိုင်တွေက သတင်းထုတ်ပြန်တားမြစ်ခဲ့ပါတယ်။

# ရန်ကုန် လေပြင်းကြောင့်ပျက်စီးမှုတွေရှိ

**DVB၊ မေ ၁၂။** ။ မနေ့ညဦးပိုင်းက ရန်ကုန်တိုင်းရှိ မြို့နယ်တွေမှာ လေပြင်းတိုက်သွားတယ်လို့ သိရှိရပါတယ်။ မနေ့ညဦးပိုင်း ၉ နာရီခန့်က ရန်ကုန်မြို့တွင်း မြို့နယ်တွေဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ ပုဇွန်တောင်စတဲ့ မြို့နယ်တွေအပြင် တညင်၊ သာကေတ၊ ဒဂုံ၊ သင်္ဃန်းကျွန်းနဲ့ ရွှာသာကြီးစတဲ့ မြို့နယ်တွေမှာ လေပြင်းတိုက်ခတ်ခဲ့တာပါ။

တိုက်ခတ်ချိန် မိနစ်နှစ်ဆယ်ခန့်သာ ကြာပေမယ့် လေတိုက်နှုန်းအတော့်ကိုပြင်းတယ်လို့ ရန်ကုန်မြို့ခံတွေက ပြောပါတယ်။ လေပြင်းတိုက်ခတ်ခဲ့ပုံကို ဒဂုံမြို့သစ်က ဒေခံတဦးက အခုလို ပြောပါတယ်။

"၈ နာရီခွဲသာသာ ၉ နာရီမတ်တင်းလောက်မှာ တိုက်တော့ လူတွေက မနှစ်ကလိုများဖြစ်ပြီလားဆိုပြီး လန့်ဖြန့်ပြီး အိပ်မပျော်တာတွေဘာတွေ ဖြစ်ကုန်တာပေါ့။ ရုတ်တရက်ကြီး လေလာတာ ကြောက်နေတာပေါ့။ လူတွေက ပူတော့ လေလေးနည်းနည်း ဖြူးတော့ လေပြေလေးတိုက်ရင် နည်းနည်းအေးမယ်ပေါ့။ နောက် တဖြည်းတဖြည်း ကြမ်းကြမ်းလာတော့ ကြောက်သွားကြတာပေါ့"

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်ဆီးဆုံးရှုံးမှုအခြေအနေကိုလည်း သူဆက်ပြောတာကတော့...

"လမ်းဘေးကဈေးဆိုင်လေးတွေ ပြိုတာလောက်ပဲရှိတယ်။ ဝါးတိုင်လေးတွေနဲ့ထောင်ပြီးတော့ အမိုးလေးတွေ ရောင်းတာလေ။ အဲဒါလေးတွေ ပြိုသွားတာပေါ့"။ လေပြင်းတိုက်ခတ်မှုနဲ့ပတ်သက်ပြီး သတိပေးကြေညာချက်တွေ တိတိကျကျ မထုတ်ခဲ့ဘူးလို့လည်း သင်္ဃန်းကျွန်းမြို့နယ်က ဒေသခံ တဦးက ပြောပါတယ်။

"သတင်းစာမှာ နေရာကွက်ကြား လေပြင်းတိုက်ခိုက်နိုင်တယ်၊ မိုးသည်းထန်စွာရွာမယ်၊ ဒါတိတိကျကျဖော်ပြမှုမရှိဘူး။ ဘယ်မြို့ဘယ်ဒေသ၊ ဘယ်နေရာမှာတိတိကျကျလေတိုက်မယ်၊ လေပြင်းတိုက်ခတ်မယ်၊ မိုးသည်းထန်စွာရွာသွန်းမယ်ဆိုတာတော့ မရှိဘူးဗျ၊ လေလည်းတိုက်လာတော့ နာဂစ်အတွေ့အကြုံအရ ရန်ကုန်မှာ အများပြည်သူတွေ လန့်နေကြတာပေါ့ဗျာ။"

နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးရွားရွားခံစားခဲ့ကြရတာမို့ ရန်ကုန်မြို့ခံတွေဟာ လေပြင်းတိုက်ခတ်အပြီးမှာ နေအိမ်တွေရဲ့ကြံ့ခိုင်ရေးတွေကို ပြုပြင်မွမ်းမံနေကြရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းကလည်း မြန်မာပြည် အလယ်ပိုင်းဒေသတွေဖြစ်တဲ့ မကွေးတိုင်းထဲက မြို့နယ်အချို့နဲ့ မန္တလေးမြို့တွေမှာ လေပြင်းတိုက်ခတ်ခဲ့တာကြောင့် ပျက်ဆီးဆုံးရှုံးမှုတချို့ရှိခဲ့ဖူးပါတယ်။


နေရာတွေ အများကြီးပါ–
မင်းကြီး
ပျား---
ဟဲဟဲ...
2010 ELECTION...
ROAD MAP-7
25%
75% ...
MyBurma 09

# ရင်ဆိုင်တိုက်ပွဲကြောင့် နအဖ စကခ(၅)မှူး ဗိုလ်မှူးချုပ်ကောင်းမြတ် ကျဆုံး

**KIC၊ မေလ ၁၂။** ။ ပဲခူးတိုင်းအရှေ့ဘက် မိုင်(၃၀)ခန့် ကွာဝေးတဲ့ သံတောင်မြို့နယ်၊ ဘောဂလိကျေးရွာအုပ်စုမှာ စခန်းထိုင်တဲ့ နအဖ အမှတ်(၅) စစ်ကွပ်ကဲရေး ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ကောင်းမြတ်သည် မေလ (၁၁)ရက်နေ့က ကေအဲန်ယူနဲ့ ဖြစ်ပွားသည့်တိုက်ပွဲအတွင်း ကျဆုံးသွားကြောင်း ကေအဲန်ယူ တောင်ငူခရိုင်မှ လာတဲ့သတင်းအရ သိရပါတယ်။

အဲဒီနေ့ ညနေပိုင်းမှာ ဗိုလ်မှူးချုပ်ကောင်းမြတ်ဟာ သူဦးစီးတဲ့ နည်းဗျူဟာ(၃)တပ်ရင်းနဲ့အတူ ဘောဂလိကြီးမှ ဘူဆာခီး၊ နော်ဆိုးရှိ လက်နက်ကြီးစခန်းများသို့သွားရာလမ်းမှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ကေအဲန်အယ်လ်အေ) တပ်မဟာ(၂)ဌာနချုပ်ရဲ့ လက်အောက်ခံတပ်ဖွဲ့ဝင်များနဲ့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာမှ ကျဆုံးသွားခြင်းဖြစ်တယ်လို့ ကေအဲန်ယူ တောင်ငူခရိုင်မှ တပ်ဖက်အရာရှိတဦးက ကရင် သတင်းစဉ်ကို အတည်ပြုပြောဆိုပါတယ်။

“ဗိုလ်မှူးချုပ်ကောင်းမြတ်နဲ့ သူ့ကို လုံခြုံရေးယူပေးတဲ့ နည်းဗျူဟာ (၃)တပ်တို့ ဘောဂလိကနေ ထွက်လာတာ။ ဘောဂလိအရှေ့နည်းနည်းမှာပဲ။ ဒီဘက်က ကေအဲန်အယ်လ်အေ တပ်မဟာ(၂) ဌာနချုပ်တပ်နဲ့ တပ်ရင်း(၆)မှူး ပေါင်းအဖွဲ့နဲ့တိုးပြီးတော့ တိုက်ပွဲဖြစ်တာ၊ တိုက်ပွဲဖြစ်တာ သိပ်မကြာဘူး၊ မိနစ်ပိုင်းလောက်ပဲရှိမယ်။ အဲဒီမှာ နအဖဘက်က ဗိုလ်မှူးချုပ်ကောင်းမြတ်ကျဆုံးသွားတယ်လို့ သိရတယ်”။

အဲဒီတိုက်ပွဲမှာ နှစ်ဖက်စလုံးရဲ့ ထိခိုက်ကျဆုံးမှု အရေအတွက်ကို အတိအကျမသိရှိရသေးသော်လည်း နအဖဘက်မှ ဗိုလ်မှူးချုပ်ကောင်းမြတ်ရဲ့ အလောင်းကိုတော့ အဲဒီနေ့ညတွင်းချင်းပင် နေပြည်တော်သို့ ပို့ဆောင်လိုက်ကြောင်း တောင်ငူဒေသခံများရဲ့ပြောပြချက်အရသိရပါတယ်။ နအဖ စစ်ကွပ်ကဲရေးဌာနချုပ်(၅)မှာ လက်အောက်ခံတပ်ရင်း (၁၀)ရင်းရှိပြီး ကေအဲန်ယူ တပ်မဟာ (၂)၊ တောင်ငူခရိုင်အတွင်းသို့ ၂၀၀၈ ခုနှစ် ၊ ဒီဇင်ဘာလကစပြီး ဝင်ရောက်လှုပ်ရှားကာ အဲဒီဒေသရှိ ပြည်သူများအား ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်းနဲ့ အတင်းအဓမ္မ လုပ်အားခိုင်းစေခြင်းစတဲ့ လုပ်ရပ်များလုပ်ဆောင်ရန် ကျဆုံးဗိုလ်မှူးချုပ်ကောင်းမြတ်မှ အမိန့်ပေးညွှန်ကြားနေကြောင်း ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးစောလှငွေက ပြောပါတယ်။ သူဆက်ပြောတာက...

“ကျနော်တို့ တပ်မဟာ(၂)နယ်မြေမှာ စကခ(၅)မှူး ကောင်းမြတ်ဟာ တပ်ကုန်းဆောက်ဖို့ လူထုကို အဓမ္မလုပ်အားပေးခေါ်တယ်။ ရေသိုးကြီး၊ ဘူဆာခီး စတဲ့ အိုင်ဒီပီ(ထွက်ပြေးတိမ်းရှောင်နေရသူများ)နေရာတွေမှာ လက်နက်ကြီးနဲ့ ပစ်ချ။ လူထုရဲ့ကားတွေကို ချောဆွဲ၊ ရွာသားတွေရဲ့ ဒူးရင်းခြံ၊ ဖာလာခြံတွေကို ဖျက်ဆီး၊ တပ်ဘူဒိုဇာကားရှေ့မှာ လူတွေကို လမ်းပြခိုင်းတာ၊ မိုင်းရှင်းခိုင်းတာတွေ လုပ်တယ်။ ဒါ့အပြင် လူထုကို ဆန်၊ ရိက္ခာတွေ ဝယ်ယူစားသောက်လို့မရအောင် လမ်းပိတ်တားဆီးဖို့ ညွှန်ကြားလုပ်ဆောင်နေသူတဦးဖြစ်တယ်၊ အဲဒီလွင်မှာဆို လူထုအပေါ် နှိပ်စက်တဲ့နေရာမှာ နာမည်ကြီးတဲ့သူပဲ”။

ဒါအပြင် နယ်မြေချင်းထိစပ်နေတဲ့ ကေအဲန်ယူ တပ်မဟာ(၃)နယ်မြေ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှာလည်း စကခ(၅) လက်အောက်ခံတပ်ရင်းများဖြစ်တဲ့ ခမရ(၅၄၂)နဲ့ ခမရ(၅၉၉)တပ်များက အခြေစိုက်လှုပ်ရှားနေပြီး အချိန်မရွေး တိုက်ပွဲကြီး ငယ်များဖြစ်နိုင်ကြောင်း သိရပါတယ်။

**To**

Voice of Burma

**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**

AIR MAIL

PRINTED MATTER